
www.burmeseclassic.com

# နိဗ္ဗာန်လမ်းလေး ရှင်းစေချင်



ဓမ္မဒူတဆရာတော်ကြီး

တပည့်

ဓမ္မဒူတ အရှင်ဆေကိန္ဒ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကုသိုလ်

ကိုယ့်ပါရမီတွေဟာ

ကိုယ့်နိဗ္ဗာန် သွားတဲ့လမ်းပါ။

ကံမွဲ၊ ဉာဏ်နည်း၊ ဝီရိယလွဲလို့

လမ်းမရှင်းဘဲ

နိဗ္ဗာန်မရောက်တာပေါ့။

ကံကောင်း၊ ဉာဏ်ကောင်း

ဝီရိယကောင်းတွေနဲ့

နိဗ္ဗာန်လမ်းလေး

ရှင်းစေချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မဒူတ အရှင်ဆေကိန္ဒ

၏

# နိဗ္ဗာန်လမ်းလေး ရှင်းစေချင်

www.burmeseclassic.com

www.burmeseclassic.com

# စမ္မဒ္ဓတာ လှုပ်ငန်းရပ်

ဤစာအုပ်ကို ကျမ်းစာအုပ် တစ်အုပ်သဖွယ် မထင်မြင်မိပါ။ ဟောထားသော တရားတိပ်ခွေမှ အနည်းငယ် ပြုပြင်၍ ရေးသားထားခြင်း ဖြစ်ပါသည်။

BURMESE CLASSIC

သာသနာ့တာဝန်များကို စွမ်းနိုင်သမျှ ထမ်းဆောင်နေရင်းမှပင် ရနိုင်သမျှ အချိန်ကလေးကို ဖဲ့ထုတ်ယူ၍ တရားစာအုပ်ကလေးအဖြစ် ကြိုးစားရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ဤစာအုပ် အနေအထားသည် ရေးဟန်ထက် တရားဟောဟန်က ပို၍ထင်ရှားနေပါသည်။

အချို့သော သာသနာ့ဝန်ထမ်း ညီတော်များက မိမိဟောထားသော တရားတိပ်ခွေတို့မှ ဟောဟန် ပြောဟန် အသုံးအနှုန်းတို့ကို မူထား၍ ပြန်လည်ဟောပြော နေကြသည်ကို ကြားသိမိရ၍ စာအုပ်အဖြစ် အထောက်အကူ ပြုစေရန်လည်း ရည်ရွယ်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေးဟန်၊ ဟောဟန် ရောယှက်နေ၍ အဆင်မပြေမှုများ ရှိခဲ့ပါက အကြံဉာဏ်ကောင်းများကို ခံယူဖို့ နှစ်ခြိုက်စွာ စောင့်မျှော်နေမိပါသည်။

**"စာရေး၊ စာချ၊ တရားဟော၊ တရားပြ ဓမ္မဒူတ"** ဟူသော ဓမ္မဒူတအဓိပ္ပါယ်၊ ဓမ္မဒူတ ရည်ရွယ်ချက်တို့ကို ဦးထိပ်ပန်ဆင် အကောင်အထည် ဖော်ဆောင်နိုင်ရန် သာသနာ့ဝန်ထမ်း ဓမ္မဒူတလုပ်ငန်း ဆောင်ရွက်တော်မူနေကြသော အရှင်မြတ်တို့အတွက် အကျိုးတစ်ခု ဖြစ်ပေါ်စေမည်ဆိုပါက အလွန်ပင် ဝမ်းမြောက်မိပါသည်။

ဓမ္မဒူတ အရှင်ဆေကိန္ဒ

www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်လမ်းလေး ရှင်းစေချင်

သာသနာတော်နှစ် ၂၅၄၄-ခု၊ ကောဇာ သက္ကရာဇ် ၁၃၆၂-ခုနှစ်၊ ဥတုဟေမန္တ ဆောင်း ဥတု ဆောင်းတွင်းကာလ၊ တပေါင်းလဆန်း (၃) ရက်၊ သက္ကရာဇ် ၂၀၀၁-ခုနှစ်၊ ဖေဖော်ဝါရီလ (၂) လပိုင်း၊ (၂၄) ရက်နေ့၊ စနေနေ့ နေ့လည်တွင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ မှော်ဘီမြို့၊ အောက် ဝါးနက်ချောင်းကျေးရွာ၊ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်ကြီးအတွင်း ဆင်ယင် ကျင်းပ ပြုလုပ်အပ်သော အနန္တဂုဏ်အင် ကျေးဇူး တော်ရှင် ဆရာသခင် ဓမ္မဒူတ ဆရာတော်ဘုရား ကြီး၏ ဂုဏ်ကျေးဇူးတို့ကို ရည်မှန်း၍ လစဉ် လတိုင်း ပြုလုပ်သော ရည်မှန်းပူဇော် ကုသိုလ်ပြု ပွဲ၌ ဟောကြားအပ်သော သုတ္တန္တပိဋကဒေသနာ၊

www.burmeseclassic.com

www.burmeseclassic.com



ခုဒ္ဒကနိကာယ် ဓမ္မပဒ ပါဠိတော် အဌကထာ၊ မဂ္ဂဝဂ်၌လာသော "နိဗ္ဗာန်လမ်းလေး ရှင်းစေချင်" တရားတော်။

ယနေ့ ဦးပဥ္စင်းတို့ရဲ့ ကျေးဇူးတော်ရှင် ဆရာတော် ဓမ္မဒူတ ဆရာတော်ကြီး လွှန်တော်မူတဲ့ (၂၄) ရက်နေ့တွေမှာ ကျေးဇူးတော်ရှင် ဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို လစဉ် ရည်မှန်းပြီးတော့ ကုသိုလ်ကောင်းမှု ပြုတဲ့ပွဲပေါ့။

ဒီပွဲက တခြားတခြားနေ့တွေထက် ထူးခြားပါတယ်၊ ဒါကတော့ ကနေ့အလှူရှင်က ဆရာတော်ဘုရားကြီးရဲ့ မိခင်ကြီးသဖွယ်ဖြစ်တဲ့ ဒကာမကြီး ဒေါ်သန်းတင်ကို ရည်စူးပြီးလဲ ကုသိုလ်ပြုတဲ့ပွဲဖြစ်လို့ပါပဲ။

ဒေါ်သန်းတင်ဆိုတာ ဒါနနဲ့လဲ ပျော်၊ သီလနဲ့လဲ မွေ့လျော်၊ သမထ ဝိပဿနာတွေကိုလဲ အားထုတ်နေလေ့ရှိတဲ့သူပါ၊ သဒ္ဓါတရားအနေနဲ့ကတော့ သူ့အိမ်ကို အပြီးအပိုင် ရောင်းလိုက်ပြီးတော့၊ သူ့အိမ်ကိုပဲ သာသနာအတွက် ဝတ္ထုရှည်ည်း

www.burmeseclassic.com



တစ်ခုအနေနဲ့ စီမံဖန်တီး လှူလိုက်ပြီး ဓမ္မဒူတ ဆရာတော်ဘုရားကြီးထံမှောက် အရောက်သွားခိုလှုံ မဏိဗေယျ သီလရှင် စာသင်တိုက်ကြီးမှာ အေးအေးဆေးဆေး တရားနဲ့ မွေ့လျော်၊ တရားနဲ့ ပျော်၊ တရားကို အားကိုးနေတဲ့ ဒကာမကြီးပါ၊ ခုတော့လဲ သူ့ခမြာ လွန်သွားပြီပေါ့။

သူ့သမီးက ဆရာတော်ဘုရားကြီးအတွက် ဂုဏ်ကျေးဇူးကိုလဲ ရည်မှန်းပြီးတော့၊ ဒကာမကြီး အတွက်ပါ ရည်စူးပြီး လှူတဲ့ပွဲပေါ့။

ဒါကြောင့်မို့ ဒီပွဲမှာ ဦးပဋ္ဌင်းတို့ ဟောချင်တဲ့ တရားလေး ပေါ်လာတာက ခုဒ္ဒကနိကာယ် ဓမ္မပဒ ပါဠိတော် မဂ္ဂဝဂ်မှာပါတဲ့ "နိဗ္ဗာန်လမ်းလေး ရှင်းစေချင်"လို့ နာမည်ပေးထားတဲ့ တရားပါ။

ဘာလမ်းရှင်းစေချင်၊ (နိဗ္ဗာန်လမ်းလေး ရှင်းစေချင်ပါတယ်ဘုရား)၊ ဘာလို့ ဒီတရား ဟောတယ်ဆိုတာ နောက်တော့ သိလာမှာပါ။

အဲဒီ "နိဗ္ဗာန်လမ်းလေး ရှင်းစေချင်" ဆိုတဲ့ တရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဟောတော်မူခဲ့၊ ဆရာတော်ကြီးကလဲ ဟောလို့၊ ဆရာတော်ကြီးရဲ့ထံမှောက်မှာလဲ ဦးပဥ္စင်းတို့ နာကြားခဲ့ရ၊ ဦးပဥ္စင်းတို့ ကိုယ်တိုင်လဲ ဒီတရားကို ပြန်ဟောမှာပေါ့လေ။

ဒီရက်ထဲမှာတော့ ဒီတရားကိုပဲ ဟောချင်စိတ်ကလဲ အားသန်နေပါတယ်၊ အတော်ပဲ ယနေ့ကလဲ ဆရာတော်ဘုရားကြီးအတွက်ရော ဦးပဥ္စင်းတို့ မယ်တော်ကြီးအရာ ရောက်တဲ့သူအတွက် ပါပေါ့။

မယ်တော်ကြီးလိုပဲ သူလဲ သားတစ်ပါး အနေနဲ့ကိုပဲ ဦးပဥ္စင်းကို နှလုံးသွင်းထားတာပါ။ ဒကာမကြီး ဒေါ်သန်းတင် ကွယ်လွန်သွားတဲ့ အထိမ်းအမှတ်နဲ့ သူ့ကိုလဲ ရည်ရွယ်ပြီး ဒီတရားကိုပဲ ဟောပါမယ်။

ဒီတရားတော်က ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် ဟောတော်မူခဲ့တဲ့တရား ဖြစ်လေသောကြောင့် တရားတော်ကို မဟောသေးမီ၊ မနာသေးမီ ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်တော် ပုံတော် ကျေးဇူးတော်တွေကို အာရုံပြု ပြီး လက်အုပ်ချီမိုး ရှိခိုးကြပါအုံးစို့။

တိမဏ္ဍလေ စရံ သံဃ-နက္ခတ္တပရိဝါရိတံ။
သဒ္ဓမ္မသီတလောဘာသ-ဇနသန္တာပနာသကံ။
ပညာစက္ခုကရံ ပူဇေ ဗုဒ္ဓပုဏ္ဏိန္ဒုမဏ္ဍလံ။

သံဃနက္ခတ္တပရိဝါရိတံ-အရိယာ ရှစ်ပါး တပည့်သား သာဝက တည်းဟူသော နက္ခတ်တာရာ ကြယ်တကာတို့ ဝန်းကာပတ်ခြံ ရံလည်း ရံအပ်ပါပေထသော၊ သဒ္ဓမ္မသီတလောဘာသ ဇနသန္တာပနာသကံ-ဓမ္မက္ခန္ဓာပေါင်းက ရှစ်သောင်း လေးထောင် အေးမြချမ်းကြည်သော တရား အရောင်တို့ဖြင့် များမြောင်လှစွာ သတ္တဝါတို့၏ ဆယ့်တစ်ဖြာညီး လောင်သည့်မီးကို အမြီးတိုင် ငြိမ်းသတ်လည်း ငြိမ်းသတ်တော်မူနိုင်ပါပေထ သော၊ ပညာစက္ခုကရံ-လေးရပ်သစ္စာ နက်နဲစွာကို ကောင်းစွာမျှော်ရှု ဉာဏ်ပညာ စက္ခုကိုလည်း ပြုတော်မူတတ်ပါပေထသော၊ တိမဏ္ဍလေ-မဇ္ဈေ တိုက်တွန်း အဝန်းတွင်မှတ် အလတ်ကျဉ်းကျယ်

www.burmeseclassic.com

www.burmeseclassic.com



လမ်းသုံးသွယ်၌၊ စရံ စရန္တံ-မြင်းမိုရ်ရှိုင်းရာ ဗောဓိ ခြာကို လက်ယာရစ်ထား ကြသွားလှည့်လည်လည်း လှည့်လည်တော်မူတတ်ပါပေထသော၊ ဗုဒ္ဓပုဏ္ဏိန္ဒ-မဏ္ဍလံ-သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ဟု ရောင်ဖြူပထွန်း လပြည့်ဝန်းကဲ့သို့သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို၊ အဟံ-သူတော်သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် တရားဟောမည့် ဘုရားတပည့်တော်သည်၊ မယံ-သူတော်သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် တရားဟော တရားနာကြမည့် ဘုရားတပည့်တော်တို့သည်၊ ပူဇေ ပူဇာမ-မင်္ဂလာစရဏာ လက်ဦးစဉ်၌ ကြည်စွကော် ရော် ပူဇော်မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးဦးညွှတ်ကြ ပါကုန်၏ အရှင်ဘုရား။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

ဣမိနာ ဗုဒ္ဓပဏာမေန-ဤသို့ဘုရားရှင်အား ရှိခိုးရသော ကုသိုလ်ကံ စေတနာကြောင့်၊ မေ-မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင် ရန်မျှော် တရားဟောမည့် ဘုရားတပည့်တော် အား၊ နော အမှာကံ-မအောင်သေးခင် အောင်

www.burmeseclassic.com

www.burmeseclassic.com



ကြွေးတင်၍ အောင်မြင်ရန်မျှော် တရားဟော တရားနာကြမည့် ဘုရားတပည့်တော်တို့အား၊ ဇယ-မင်္ဂလာ-တွင်းပန္နစ်တန် ရန်မာရ်အပေါင်း အောင်ကြောင်းအောင်ရာ အောင်မင်္ဂလာသည်၊ ဘ၀တု-မြေကြီးလက်ခတ် မလွဲလတ်သို့ ဆတ်ဆပ်မသွေ အမှန်ပင် ဖြစ်ပါစေသတည်း။

သာဓု၊ သာဓု၊သာဓု ပါဘုရား။

"နိဗ္ဗာန်လမ်းလေး ရှင်းစေချင်" ဆိုတဲ့ တရားတော်မြတ်ကြီးကို မဟောသေးမီ၊ မနာသေးမီ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ပုံတော် ဂုဏ်တော် ကျေးဇူးတော်တွေကို အာရုံပြု လက်အုပ်ချီမိုး ရှိခိုးလို့အပြီး မိမိတို့ လိုလားတောင့်တတဲ့ အာသီသ ပတ္ထနာ အောင်ဆုမင်္ဂလာတွေ တောင်းဆုပြုပြီး တရားတော်ကို ဟောကြ နာကြစို့ဆိုတော့။

န သန္တိ ပုတ္တာ တာဏာယ၊
န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊
နတ္ထိ ဉာတီသု တာဏတာ။

www.burmeseclassic.com

www.burmeseclassic.com



ဧတမတ္ထုဝသံ ဥတွာ၊
ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊
ခိပ္ပမေဝ ဝိသောဓယေ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အဲဒီ ပါဠိတော် ဂါထာတွေပေါ့၊ နှစ်ဂါထာဟောပါမယ်၊ အဲဒီနှစ်ဂါထာလဲ ဆုံးရော သောတာပန်ဖြစ်သွားတယ်၊ တရားနာတဲ့ ပုဂ္ဂိုလ်တွေထဲက တစ်ယောက်ကို အာရုံပြုပြီး ဟောတာပါ။ ဘယ်သူ သောတာပန် ဖြစ်တာလဲ ဆိုရင် တရားနာတဲ့ ပရိသတ်တွေ သိပါတယ်။

သူတို့ပြောနေကြ ခေါ်နေကြ နာမည်နဲ့ ပြောရရင် ပဋာစာရီ၊ ဘယ်သူသောတာပန်ဖြစ်၊ (ပဋာစာရီပါဘုရား)။ ပါဠိတော်မှာ တိုက်ရိုက် ပါတဲ့ နာမည်ကတော့ ပဋာစာရာပေါ့၊ ပဋာစာရာ သောတာပန်ဖြစ်။

အဲဒီ ပဋာစာရီ တရားနာ သောတာပန်ဖြစ်၊ ဖြစ်ပြီးတော့မှ 'အရှင်ဘုရားတဲ့။ ဘုရားတပည့် တော် သာသနာ့ဘောင်မှာ ဝင်ရောက်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ရဟန်း အမျိုးသမီးအနေနဲ့ ထေရီမယ်အနေနဲ့ သာသနာ့ဝန် ထမ်းလိုပါတယ်ဘုရား'လို့ လျှောက်တယ်၊ သာသနာ့ဝန်ထမ်း ဖြစ်သွားတယ်ပေါ့။

ဒီထေရီမကြီးကလဲ ထေရီမကြီးဘဝနဲ့ ခြေဆေးအင်းပျဉ်းမှာ ခြေဆေးရင်းနဲ့ အသိဉာဏ်လေး တိုးတဲ့အခိုက်မှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဟောပေးပြန်ပါတယ်။

ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော ဥဒယဗ္ဗယံ။

အဲဒီဂါထာလေးလဲ ဟောပြီးရော ပဋာစာရီထေရီမကြီးက တရားသဘောတွေကို ထပ်ပြီး သဘောပေါက်နားလည်တဲ့အတွက် ရဟန္တာဖြစ်သွားရော။ ရဟန္တာဖြစ်တယ် ဆိုတော့ သကဒါဂါမ်လဲ ဖြစ်တာပေါ့၊ အနာဂါမ်လဲ ဖြစ်တာပေါ့၊ ရဟန္တာလဲ ဖြစ်တာပေါ့၊ သုံးမဂ် သုံးဖိုလ်ရသွားတာ။

ဘယ်လောက်ထိများ အံ့ဩစရာကောင်းသလဲ ဆိုတော့ ပဋိသမ္ဘိဒါပတ္တ တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံတဲ့ ရဟန္တာထေရီမကြီး ဖြစ်သွားတယ်၊ ပထမနှစ်ဂါထာ ဟောတယ်၊ သောတာပန်ဖြစ်တယ်။ ဒုတိယတစ်ဂါထာ ဟောတယ်၊ သကဒါဂါမိ အနာဂါမ် ရဟန္တာ ဖြစ်တယ်၊ တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့လဲ ပြည့်စုံတယ်။

ဟောဒီ . . . ပဋာစာရာဟာ သူတို့ပြောတဲ့ အပြောနဲ့ ပြောရရင် ဟောဒီ ပဋာစာရီဟာ ဟို - ပဒုမုတ္တရဘုရားရှင်ကိုယ်တော်မြတ်ကြီးလက်ထက်တော်ကတည်းကိုက ဘုရားရှင် ကိုယ်တော်မြတ်ကြီးထံမှောက်မှာ ဝိနယ ဓတေဒဂ်ရတဲ့ ဘိက္ခုနီထေရီမကြီးကို ကြည်ညိုသဘောကျပြီးတော့၊ ဓတေဒဂ်ပေးတာကို သဘောကျပြီး (၇) ရက်တိုင်တိုင် ဒီပဒုမုတ္တရာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းဆက်ကပ်လှူဒါန်းပြီး ကုသိုလ်ကောင်းမှုပြုသူလဲ ပါရမီဖြည့်တာပေါ့လေ။ အဲဒီကုသိုလ်ကောင်းမှုကံနဲ့ ဖြည့်ဆည်းမဲ့ ပါရမီတွေကြောင့် သူလဲ အဲဒီလိုမျိုး ဝိနည်းဓတေဒဂ်ရတဲ့ ထေရီမကြီး ဖြစ်ရပါလို၏လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးထံ

www.burmeseclassic.com

www.burmeseclassic.com



မျှော်ကာ ဆုပန်တော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဉာဏ်တော်နဲ့ ကြည့်လိုက်တယ်။

အခု သာသနာမှာ၊ နောင်ပွင့်တော်မူမည့် ဂေါတမဗုဒ္ဓ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ သာသနာမှာ ပဋာစာရီ ပဋာစာရာ ဆိုတဲ့ ဝိနည်းဓိုရ်ရတဲ့ ထေရီမကြီးဖြစ်မယ်လို့ ဗျာဒိတ်ပေးခဲ့တယ်။

တကယ်ပြောလို့ရှိရင် ပဒုမုတ္တရာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး လက်ထက်ကတည်းက ဟောဒီ ပဋာစာရီက ပါရမီတွေ မဖြည့်ခဲ့ဘူးလား၊ ဖြည့်ခဲ့လား၊ (ဖြည့်ခဲ့ပါတယ်ဘုရား)၊ ဘယ်သွားဖို့ (နိဗ္ဗာန်သွားဖို့ပါဘုရား)။

ပဋာစာရီက နိဗ္ဗာန်သွားဖို့ ပါရမီတွေ ဖြည့်ခဲ့ပြီးသား၊ သူ့မှာ နိဗ္ဗာန်လမ်းမရှိဘူးလား၊ ရှိလား၊ (ရှိပါတယ်ဘုရား)၊ နိဗ္ဗာန်လမ်းရှိတယ်၊ ဒါပေမဲ့ သောတာပန်မဖြစ်မချင်းထိ လမ်းမရှင်းသေးဘူး၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ မဖြစ်ခင်ထိ လမ်းမရှင်းရသေးဘူးတဲ့၊ လမ်းရှုပ်နေတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ပါရမီဖြည့်နေတဲ့ ပုဂ္ဂိုလ်တွေဟာ နိဗ္ဗာန် သွားဖို့ လမ်းရှိနေပါပြီတဲ့၊ အဲဒီလမ်းဟာ ပဋ္ဌာ စာရီမှာ ရှိတယ်။

ဓမ္မသဘောတွေဟာ ဘယ်လောက် အံ့သြ စရာကောင်းသလဲ၊ နိဗ္ဗာန်လမ်း ပါရမီတွေ ဖြည့်ပြီး၊ နိဗ္ဗာန်လမ်း ရှိသော်လဲပဲ မရှင်းတဲ့အတွက်ကြောင့် နောက်ဆုံးဘဝမှာတောင်မှ ရှုးနေသေးတယ်၊ ဓမ္မ သဘော နားလည်အောင် ပြောရရင် ဘာဖြစ်နေ လဲ၊ (ရှုးနေတာပါဘုရား)။ ဒီဇာတ်ထုပ်က သိပြီး သားပါ။

သူဌေးသမီး၊ မိဘ သဘောမတူတဲ့ လူနဲ့ ထွက်ပြေး၊ အိမ်ထောင်ကျ၊ တစ်နယ်တကျေးမှာ သွားပြီးနေ၊ သားနှစ်ယောက်ရ၊ မိဘတွေဆီပြန် လာ၊ သားငယ်ကို စွန်ချီ၊ သားကြီးက ရေနစ်သေ၊ နောက်ပြီး ခင်ပွန်းယောက်ျားလဲသေ၊ မိဘနှစ်ပါး၊ မောင်ဘွားရဲ့သတင်းကို ကြားရပြန်တော့လဲ မိဘ လဲသေ၊ ဆွေမျိုးဖြစ်တဲ့မောင်လဲ သေ၊ လောကဓံ ကို အဲဒီလို တွေ့လိုက်ရတော့ ပဋ္ဌာစာရီ ရူးပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သားအကြီးလဲ သေ၊ သားအငယ်လဲ သေ၊ ခင်ပွန်းယောကျ်ားလဲ သေ၊ အမေရယ်၊ အဖေရယ်၊ မောင်လေးရယ်လဲ သေ၊ အကုန်လုံးသေ၊ ဘယ်လောက် ဘယ်လောက်များ ကြုံနေရသလဲ၊ ရှုပ်နေသလဲ၊ ရှုးပြီပေါ့။ ဒါ သိပြီသားပါ၊ ဒီဇာတ်ထုပ် သိပြီသားပါ။

ဒါပေမဲ့ ယခု ပြောချင်တာက အဲဒီပဋာစာရီမှာ နိဗ္ဗာန်သွားမဲ့လမ်း ပါ မပါ၊ (ပါ ပါတယ်ဘုရား)၊ ရှုးတာနဲ့ မဆိုင်ဘူးနော်၊ ရှုးပေမဲ့ နိဗ္ဗာန်လမ်း ရှိနေတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးထံမှောက်ကုသိုလ်ကောင်းမှု အစုစုတွေပြု၊ ဖြည့်ဆည်းခဲ့တဲ့ပါရမီတွေ ရှိတယ်၊ သူတော်ကောင်းစိတ်ဓာတ်နဲ့ နိဗ္ဗာန်လမ်းကို ဖောက်ခဲ့တယ်၊ ဖောက်ခဲ့ပေမဲ့ နိဗ္ဗာန်လမ်းက ရှုပ်နေသေးတာပေါ့၊ လမ်းတော့ ရှိပါတယ်၊ မရှင်းဘူးတဲ့။

ဦးပဥ္စင်းတို့ တရားနာနေတဲ့ သူတော်ကောင်းတွေ၊ တရားနာနေတဲ့ ပရိသတ်တွေလဲ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို ကိုယ့်အကြောင်းကို ပြန်ကြည့်ပါဦး၊ ဂင်္ဂါဝါဠု သဲစုမက ဘုရားရှင်ကိုယ်တော်မြတ်ကြီးတွေ မပွင့်ခဲ့ဘူးလား၊ ပွင့်ခဲ့လား၊ (ပွင့်ခဲ့ပါတယ်ဘုရား)၊ အများကြီးပဲ မရေတွက်နိုင်ဘူး။

ဒါပေမဲ့လို့ အများကြီးထဲမှာ အများကြီးနဲ့ တွေ့ခဲ့တယ်လို့ မပြောနိုင်တောင် တစ်ဆူဆူနဲ့တော့ တွေ့ခဲ့ရမှာပဲ၊ တစ်ဆူဆူနဲ့ တွေ့ရင်လဲပဲ ဘုရားရှင် ကိုယ်တော်မြတ်ကြီးထံမှောက်က တစ်ပုဒ်ပုဒ်သော တရားတော့ နာခဲ့ရမှာပဲ၊ (နာခဲ့ရပါတယ်ဘုရား)။

တရားတော့ နာခဲ့ရပြီ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ တွေ့လို့ တရားတော့ နာခဲ့ရပြီဆိုကတည်းက လမ်းလေးတော့ ဖေါက်ခဲ့ဖူးမှာပဲ၊ ပါရမီတွေတော့ ဖြည့်ခဲ့ဖူးမှာပဲ၊ ကုသိုလ်ကောင်းမှုတွေတော့ ပြုခဲ့ဖူးမှာပဲ၊ (ပြုခဲ့ဖူးပါတယ်ဘုရား)။

ကုန်ကုန် ပြောလိုက်မယ်၊ ဒီသာသနာမှာ ဒီလိုတရားဓမ္မတွေကို နာကြားလို့၊ တရားကို ဝါသနာပါ၊ တရားနဲ့ မွေ့လျော်၊ တရားနဲ့ပျော်၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် သံဃာတော်တွေကို ကြည်ညိုလေးစား၊ ဒါန သီလ သမထ ဝိပဿနာတွေ အားထုတ်နေကတည်းက ဒီတရားနာနေတဲ့ သူတော်ကောင်းတွေမှာ နိဗ္ဗာန်လမ်း ရှိ, မရှိ၊ (ရှိပါတယ်ဘုရား)၊ နိဗ္ဗာန်ကို သွားပြီးပြီလား၊ (မသွားရသေးပါဘုရား)၊ ဘာဖြစ်လို့လဲ၊ (ရှုပ်နေလို့ပါဘုရား)။

နိဗ္ဗာန်လမ်းပေါ်မှာ ဆူးခက်ကြီးချထားလို့၊ ကျောက် တုံးတွေ ကာလို့၊ သစ်တုံးတွေ ပိတ်လို့၊ အမှိုက်ပုံတွေ ပွလို့၊ ဆူးခက်တွေ ရှုပ်လို့၊ လမ်းရယ်လို့တော့ ရှိတယ်၊ မရှင်းဘူးတဲ့။

န သန္တိ ပုတ္တာ တာဏာယ၊
န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊
နတ္ထိ ဉာတီသု တာဏတာ။
ဧတမတ္ထဝသံ ဉတွာ၊
ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊
ခိပ္ပမေဝ ဝိသောဓယေ။

လောကကြီး ဘယ်လောက် အံ့စရာကောင်းသလဲ၊ ပဋာစာရီအကြောင်းရော၊ တရားနာနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်းတွေရဲ့အကြောင်းရော ရှိသမျှ ဉာဏ်နဲ့ ကြည့်လိုက်စမ်းပါ။

အခုလဲ၊ ကြည့်လေ၊ အများခေါ်တာကတော့ အမေ သန်းတင်ပေါ့၊ ဦးပဉ္စင်းတို့ကတော့ ဒကာမ ကြီးပဲ ခေါ်တာပဲ၊ ဒကာမကြီး ဒေါ်သန်းတင်နဲ့ ဦးပဉ္စင်းတို့နဲ့ အမြဲတွေ့တွေ့နေတာပါပဲ။

ဒကာမကြီး ဒေါ်သန်းတင်က သူ့ရှိတဲ့ အိမ်ကို သာသနာအတွက် ရောင်းပြီး အကုန်ခွဲလှူ ဘယ်သူ့ဆီ သွားနေရမလဲလို့ ဆိုတော့ ကျေးဇူး တော်ရှင် တောင်စွန်းဓမ္မဒူတ ဆရာတော်ဘုရား ကြီးထံမှောက် မဏိဇေယျ သီလရှင် စာသင်တိုက် ကြီးမှာ တရားနဲ့ သွားနေမယ် ဆိုပြီးတော့ မဏိ ဇေယျကျောင်းတိုက်ကြီးကိုလဲ သိန်း (၄၀) ကျော် မတည်ပြီး လှူလိုက်တာ။ ပြီးတော့ မဏိဇေယျ သီလရှင်ကျောင်းမှာပဲ နေသွားတယ်ပေါ့။

ဒကာမကြီးဘက်ကတော့ ဆရာတော်ကို တွက်တာပေါ့လေ၊ ဓမ္မဒူတဆရာတော်ကြီးက သားအကြီး၊ ဦးပဉ္စင်းတို့ကတော့ သားအငယ်ပေါ့၊ အဲလိုတွက်ပြီးတော့ ဦးပဉ္စင်းတို့ကို စင်္ကိုင်းသား

www.burmeseclassic.com



ဆိုတော့ 'ဦးစစ်ကိုင်း ဦးစစ်ကိုင်း' လို့ပဲ ခေါ်တယ်၊ ခုလို ပြောရင်ကိုပဲ သူပြောတဲ့ အသံလေးက ကြားကြားနေတယ်၊ တစ်ခါတလေ 'မောင်ပဥ္စင်း'၊ တစ်ခါတလေ 'ဦးစစ်ကိုင်း ဦးစစ်ကိုင်း' ခေါ်တာ များတယ်။

ဆရာတော်ဘုရားကြီး လွန်တော်မူတော့ သူက ဘာပြောတုံးဆို၊ 'ဩဝ်'တဲ့ ကိုယ့်သား ဘုန်းကြီးရှိတဲ့ဆီ အားကိုးရမယ်၊ အောက်မေ့လို့ လာတာ၊ သူက အရင်သွားလိုက်တယ်၊ ကိုယ့်ကို သူက အရင်ပို့မယ် အောက်မေ့တာတဲ့၊ ခုကျတော့ သူက အရင်သွားပြီတဲ့။

ဒကာမကြီး ဒေါ်သန်းတင် တောင်စွန်းသွား နေတာ၊ ဘယ်သူ့အားကိုးလို့ (ဆရာတော်ကြီးပါ ဘုရား)။ အများပြောနဲ့တော့ ဆရာတော်ကြီးပေါ့၊ တကယ်ပြောရင်တော့ သူ့သားပေါ့၊ သူ့သား အားကိုးလို့ သွားတာ။

အခု ယနေ့ အလှူနဲ့ ပြန်ကြည့်ရင် ဒကာမ ကြီး ဒေါ်သန်းတင်ရဲ့ သမီးဖြစ်တဲ့ မိသားစုတွေက

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းဆက်ကပ်လှူဒါန်းလို့ ကုသိုလ်ပြု ပါရမီ ဖြည့်နေကြတယ်။ ဘာပြောပြော အမေရှိရင် အမေကလဲ သမီးကို အားကိုးနေဦးမှာပဲ၊ သမီးကလဲ အမေကိုတော့ အားကိုးဦးမှာပဲ။

န သန္တိ ပုတ္တာ တာဏာယ၊
န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊
နတ္ထိ ဉာတီသု တာဏတာ။

ဧတမတ္ထဝသံ ဉတွာ၊
ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊
ခိပ္ပမေဝ ဝိသောဓယေ။

ပေါ့ပေါ့တန်တန် မတွက်လိုက်ပါနဲ့၊ ဟောဒီတရားလေးက တအားကျေးဇူးများတဲ့တရား၊ အလွန်နာကြားသင့်တဲ့တရား၊ တရားအားထုတ်ဖူးတဲ့ တို့လဲ နာရမှာပဲ၊ တရားအားမထုတ်ဘူးသေးတဲ့ သူလဲ နာရမှာပဲ၊ တရားအကြောင်းကို သိပြီးသည်ဖြစ်စေ၊ မသိသေးသည်ဖြစ်စေ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုပဲဖြစ်ဖြစ် ဟောဒီတရားလေးက နာကြားသင့်တဲ့ တရားလေးပါ။ တရားလေးဆိုတာ မြတ်နိုးနှစ်သက်လွန်းလို့ ခေါ်တဲ့ အမည်ပါ၊ တကယ်တော့ တရားအသေးလေး မဟုတ်ပါဘူး၊ တရားတော်မြတ်ကြီးပါ။

ဘာဖြစ်လို့လဲဆို၊ သာသနာတော်မှာ လူလာဖြစ်ပြီးတော့ အခုလို သာသနာနဲ့ ဆုံနေတယ်ဆိုရင်ကိုပဲ မိမိတို့မှာ နိဗ္ဗာန်လမ်း မရှိဘူးလား၊ ရှိလား၊ (ရှိပါတယ်ဘုရား)၊ ရှိတယ်တဲ့။ ဒါပေမဲ့ ရှိတဲ့နိဗ္ဗာန်လမ်းနဲ့ ဘာလို့ နိဗ္ဗာန်မရောက်သေးတာလဲ ဆိုတော့ လမ်းမရှိလို့လား၊ ရှုပ်နေလို့လား၊ (ရှုပ်နေလို့ပါဘုရား)။

တစ်ချို့ဆိုရင် အားထုတ်ပါတယ်၊ ကြိုးစားပါတယ်၊ သွားပါတယ်၊ နိဗ္ဗာန်လမ်းကို သွားနေပါတယ်၊ လျှောက်နေပါတယ်။ ဒါပေမဲ့ ရှုပ်နေတယ်၊ ရှုပ်နေလို့ လမ်းက တိုးမပေါက်ဘူးလေ။ ဘာတွေ ရှုပ်နေတာလဲလို့ မေးရင်

ပုတ္တာ-သားသမီးတို့သည်၊ န သန္တိ-မရှိကြလေကုန်၊ ပုတ္တာ-သားလေးနှစ်ယောက်တို့သည်၊

www.burmeseclassic.com

www.burmeseclassic.com



န သန္တိ-ပဋ္ဌာစာရီ အရှူးမကြီးအတွက် မရှိကြတော့လေကုန်။

'ဟာ - ပဋ္ဌာစာရီကို ပြောရင်တော့ ဟုတ်တာပေါ့ အရှင်ဘုရား၊ တပည့်တော်တို့မှာ သားရှိတယ်၊ တပည့်တော်တို့မှာ သမီးရှိတယ်။ နောက်ပြီးတော့ ရှူးလည်း မရှူးပါဘူးလို့ ပြောကြလိမ့်မယ်။ ပြောကြပါ၊ ဖြေနိုင်ပါတယ်။

ပိတာ စ-အဖေတို့သည် လည်းကောင်း၊ မာတာ စ-အမေတို့သည်လည်းကောင်း၊ န သန္တိ-ပဋ္ဌာစာရီ အရှူးမကြီးအတွက် မရှိကြတော့လေကုန်။

အဖေလဲ မရှိဘူး၊ အမေလဲ မရှိဘူးတဲ့ ဘုရားဟောတာ၊ ပဋ္ဌာစာရီကို ဟောနေတာ၊ ပဋ္ဌာစာရီမှာ သားတွေ ရှိသေးလား၊ (မရှိတော့ပါဘူးဘုရား)၊ အမေအဖေရော၊ (မရှိတော့ပါဘူးဘုရား)။

ဗန္ဓဝါပိ-ဆွေမျိုးသားချင်းတို့သည်လည်း၊ န သန္တိ-ပဋ္ဌာစာရီ အရှူးမကြီးအတွက် မရှိကြတော့လေကုန်။

www.burmeseclassic.com

www.burmeseclassic.com



မောင်လေးလဲ မရှိတော့ဘူးတဲ့၊ ဘယ်သူ့ကို ဟောတာလဲ၊ ပြောစမ်းပါ၊ (ပဋ္ဌာစာရီကို ဟော နေတာပါဘုရား)။

ပဋ္ဌာစာရီနဲ့ ဒီတရားနာနေတဲ့ လူတွေနဲ့ ဘယ်သူက ပိုပြီးတော်သလဲ၊ (ပဋ္ဌာစာရီက တော်ပါ တယ်ဘုရား)၊ ဟုတ်ကဲ့လား၊ ဟိုမှာ - ပဋ္ဌာစာရီက ရူးနေတာလေ၊ ဒီလူတွေနဲ့ ပဋ္ဌာစာရီနဲ့ ဘယ်သူ တော်သလဲ၊ သေချာစဉ်းစားပါ၊ ရူးတာ ယှဉ်မှာ လား၊ တရားသိတာ ပြိုင်မှာလား။

ပုတ္တာ-သားသမီးတို့သည်၊ န သန္တိ-ပဋ္ဌာစာရီ အရှူးမကြီးအတွက် မရှိကြလေကုန်၏။

ပဋ္ဌာစာရီမှာ သားနှစ်ယောက် မရှိကြတာ ကို ပြောလိုရင်း မဟုတ်၊ မိမိတို့မှာ သားသမီးတွေ ရှိပါတယ်လို့ ပြောချင်ပြောပါ၊ ဘုရားရှင်ကိုယ်တော် မြတ်ကြီး ဆိုလိုတာက 'န သန္တိ ပုတ္တာ-သားသမီး တွေ မရှိကြလေကုန်၊ တာဏာယ-အားကိုးဖို့ အတွက်'။

www.burmeseclassic.com

www.burmeseclassic.com



သားသမီးတွေ မရှိဘူး ဆိုတာ မိဘတွေ အားကိုးချင်သလို အားကိုးဖို့အတွက် မရှိဘူးတဲ့။

မိဘတွေက ဘယ်သူ့အားကိုးချင် (သား သမီးတွေ အားကိုးချင်ပါတယ်ဘုရား)၊ အင်း ကောင်းတယ်၊ အားကိုးပေ့ါ၊ ဟိုတစ်နေ့ကပဲ ဒီတရားလေးဟော၊ တရားဟောရင်းနဲ့ ဥပမာလေး တစ်ခုက ဖျတ်ဆိုပေါ်လာ၊ ခု ဒါလေး ထည့်ပြော အုံးမယ်။

ဥပမာလေး - လူတစ်ယောက်ဟာ သရက် ပင်တစ်ပင် စိုက်တယ်၊ အဲဒီသရက်ပင်က (၁၀) နှစ်နေရင် တစ်လုံးပဲ သီးတယ်၊ အဲဒီတစ်လုံးကို စားလိုက်ရရင်လဲလေ အင်အားတွေ ပြည့်စုံလာ တယ်၊ ကျန်းမာလာတယ်၊ အသက်ရှည်လာတယ်၊ ချမ်းသာလာတယ်၊ ကောင်းကျိုးတွေ ရလာတယ်။ သရက်သီးတစ်လုံးက ပေးနိုင်တာပေါ့။

သရက်ပင်ကြီး စိုက်တာဟာ အဲဒီသရက်သီး လေး စားချင်လို့၊ အဲဒါ အားကိုး အားထားပြုရော၊ ကျန်းမာချမ်းသာ ပြည့်စုံဖို့အတွက် အဲဒီသရက်သီး

www.burmeseclassic.com

www.burmeseclassic.com



လေးကို စားချင်လို့ ဘယ်နှစ်နှစ်စိုက်၊ (၁၀-နှစ်ပါဘုရား)။

ဒီတိုင်း မြေကြီးတူး၊ သရက်စေ့ထည့်စိုက်၊ စိုက်ပြီးရုံနဲ့ ပြီတာမဟုတ်ဘူးနော်၊ အဲဒီသရက်ပင်ကို နေ့တိုင်း ရေလောင်းရတယ်၊ ပေါင်းသင်ရတယ်၊ အရိပ်တကြည့်ကြည့်နဲ့ကို စိုက်ရ ပျိုးရ စောင့်ရှောက်ရတာတဲ့၊ (၁၀)နှစ်ပြည့်ရင် ဘယ်နှစ်လုံးသီးမှာတဲ့၊ (တစ်လုံးသီးမှာ ပါဘုရား)၊ တစ်လုံးဆိုတစ်လုံးမှန်း သိသိသာသာကို ကျေးဇူးများသတဲ့။

သူ အဲဒီကျေးဇူးကို မျှော်ကိုးပြီးတော့ အဲဒီသရက်သီးလေးကို စားချင်လွန်းလို့ အဲဒီသရက်သီးလေးကို အားကိုးပြီးတော့ သရက်ပင် ဘာလုပ်နေလဲ၊ စိုက်နေတာ၊ (၁၀) နှစ်နေမှ တစ်လုံးနော်၊ (မှန်လှပါဘုရား)။

အို-တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ မိမိတို့မှာ သားရှိတယ် ဆိုပါစို့၊ မိမိတို့မှာ သမီးရှိတယ် ဆိုပါစို့။

www.burmeseclassic.com

www.burmeseclassic.com



အားကိုးချင်လွန်းလို့ သရက်သီးလေးတစ်လုံး စားရတော့မဲ့သဘောလို အားကိုးချင်လွန်းလို့ စိုက်လိုက်ရတာ၊ ရေလေးချိုးပေးလိုက်၊ ပေါင်းဒါလေး တို့ပေးလိုက်၊ အနှီးလေးနဲ့ ပတ်ပေးလိုက်၊ အမလေး - ခြင်ထောင်လေး ချပေးလိုက်၊ ယပ်တောင်လေး ခတ်ပေးလိုက်၊ ထမင်းလေး ဝါးခွံ့ပေးလိုက်၊ မစိုက်ရဘူးလား၊ စိုက်ရလား၊ (စိုက်ရပါတယ်ဘုရား)။

အားကိုးဖို့ သားလေးတွေကို အားကိုးချင်လွန်းလို့၊ သမီးလေးတွေကို အားကိုးချင်လွန်းလို့၊ သားသမီးတွေကို အားကိုးစရာတွေ ဆိုပြီးတော့ စိုက်ခဲ့ကြလေကုန်၏၊ ပျိုးခဲ့ကြလေကုန်၏၊ တယုတယနဲ့ မွေးခဲ့ကြလေကုန်၏။

အို - သူတော်ကောင်းတို့၊ သရက်ပင်က ဘယ်နှစ်နှစ်နေရင် သီးမယ်၊ (၁၀-နှစ်ပါဘုရား)၊ မိမိတို့ သားသမီးတွေက တစ်နှစ်နေရင် သီးပြီလား၊ (မသီးသေးပါဘူးဘုရား)။ ကျေးဇူးသိတတ်တာဖြ (၅) နှစ်နေရင် ရပြီးလား၊ (၁၀) နှစ်နေရင် ရပြီး

www.burmeseclassic.com

www.burmeseclassic.com



လား၊ သရက်ပင် ဘယ်နှစ်နှစ်ဆိုရင် ရပြီးတုံး၊ (၁၀) နှစ်ဆို အကျိုးကျေးဇူးခံစားရပြီတဲ့။

သားသမီးတွေက (၁၀) နှစ်ဆို၊ (မခံစားရသေးပါဘူးဘုရား)၊ ရေလောင်းတုန်း၊ ပေါင်းသင်းတုန်း။ အမလေး ကဲ-ဒါဖြင့် (၁၂) နှစ်လောက်ဆိုရင်ရော (မရသေးပါဘူးဘုရား) မရသေးဘူးလား၊ (၁၂) နှစ်လောက်လဲ ကိုယ့်ပြန်ကျေးဇူးပြုမဲ့ အသီးမျိုး မသီးသေးဘူးပေါ့၊ (မသီးသေးပါဘုရား)၊ ကဲ့ (၁၅) နှစ်၊ အနှစ် (၂၀) သီးပြီလား၊ (မသီးသေးပါဘုရား)၊ ကဲ - (၂၅) နှစ် (မသီးသေးပါဘုရား)၊ မန္တလေးက ဇကာကြီး တစ်ယောက်ပြောတယ်၊ သူများ ခူးသွားပြီတဲ့။

သားသမီးဆိုတာက (၁၀) နှစ်နဲ့လဲ အားကိုးရဖို့ရာ မသေချာ၊ အနှစ် (၂၀)နဲ့လဲပဲ အားကိုးရဖို့ရာ မသေချာ၊ အနှစ် (၂၅)လဲ အားကိုးရဖို့ရာ မသေချာ၊ အနှစ် (၃၀-၄၀-၅၀)လဲ အားကိုးရဖို့ရာ (မသေချာပါဘူးဘုရား)၊ တကယ် သရက်ပင် စိုက်တာကမှ (၁၀) နှစ်၊ ဘာတဲ့၊ ခူးစားရသတဲ့ ဟုတ်လား၊ (၁၀)

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခူးစားရသတဲ့၊ အပြုအစု ကောင်းရင် (၉) နှစ်နဲ့တောင် စားရသတဲ့။

သားကျတော့၊ သမီးကျတော့ ပြုစုခဲ့ရတာ၊ ပျိုးထောင်ခဲ့ရတာ တစ်ရက်လဲမက၊ နှစ်ရက်လဲမက၊ တစ်နှစ်လဲမက၊ ဆယ်နှစ်လဲမက၊ အနှစ်နှစ်ဆယ်လဲမက တစ်ခါတလေများကျတော့ တစ်ချို့ ကြုံရတယ်၊ ကိုယ့်သားသမီး ဆိုတဲ့ သရက်ပင်အောက် သွားပြီးတော့ ကျေးဇူးကြီးမားတဲ့၊ ကျေးဇူးသိတတ်တဲ့ သရက်သီးများ သီးပြီလား ဆိုပြီး မော့ကြည့်မှ သစ်ကိုင်းကျိုးကြတာတွေ တစ်ပုံကြီး၊ (မှန်ပါတယ်ဘုရား)၊ ခေါင်းတောင် ကွဲအုံးမယ်၊ မြန်မြန်လွတ်အောင် ရှောင်။

သေသေချာချာ တွေးကြည့်လိုက် စမ်းပါကွယ်၊ ဘယ်လောက်တောင် ကိုယ်က ပြုစုပျိုးထောင် စိုက်ပျိုးခဲ့ရသလဲ၊ သစ်ကိုင်းကျိုးရတာ ခံရရင် ဘယ်လောက်ရင်လေးဖို့ ကောင်းလိုက်သလဲ၊ (မှန်ပါဘုရား)၊ ရင်လေးဖို့ ကောင်းတာလား၊ ရင်နာဖို့ကောင်းသလား၊ (ရင်နာဖို့ ကောင်းတာ

www.burmeseclassic.com

www.burmeseclassic.com



ပါဘူးရား)၊ သစ်ကိုင်းကျိုးကျရင်တော့ ရင်နာသ ပေါ့ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

ကျေးဇူး မသိတတ်ယုံဆိုရင် တော်ပါပြီ၊ ကျေးဇူးကန်းတာတော့ မခံပါရစေနဲ့ ဆိုပြီး ဒါ တွေက သူတို့ သိပါတယ်လေ၊ သူတို့သိပြီးသား တရား မဟောချင်တော့ပါဘူး။

ဒီတရားတော်ကို ပေါ့ပေါ့တန်တန် မတွက် လိုက်ပါနဲ့နော်။

န သန္တိ ပုတ္တာ တာဏာယ၊
န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊
နတ္ထိ ဉာတီသု တာဏတာ။

ဧတမတ္ထဝသံ ဉတွာ၊
ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊
ခိပ္ပမေဝ ဝိသောဓယေ။

ပုတ္တာ စ-သားသမီးတို့သည်လည်း၊ န သန္တိ-မရှိကြလေကုန်၊ တာဏာယ-မိဘတွေ အားကိုးဖို့

www.burmeseclassic.com

www.burmeseclassic.com



အတွက်၊ မိဘတွေက အားကိုးရတော့မယ်လို့ တွက်ပြထားပါပဲ။ အားကိုးပါ့မယ်၊ ဘယ်မိဘပဲ ဖြစ်ဖြစ် သားသမီးတွေကို အားကိုးချင်ကြတာပါပဲ၊ တပည့်တော်တို့ကတော့ အားမကိုးပါဘူးလို့ တစ်ချို့ ပြောကြသေးတယ်၊ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုး ပြောတတ်ရင်တော့ မတတ်နိုင်ဘူး။ အားကိုးချင်တာကတော့ အမှန်ပဲ။

ဘယ်မိဘပဲ ဖြစ်ဖြစ် ကိုယ့်သားသမီးကိုတော့ အားကိုးချင်တာပဲ၊ ငယ်ကတည်းကိုကလေ သားသမီးတွေကို ပြုစုလိုက်ကြတာ၊ ယုယလိုက်ကြတာ၊ ကျွေးမွေးလိုက်ကြတာ၊ အရွယ်လေးရောက်လာရင်၊ အရွယ်လေး ရလာရင်၊ အရွယ်လေကြီး လာရင်၊ ငါ့သားကြီး ဘယ်လိုဖြစ်လာရင်၊ ငါ့သမီးကြီး ဘယ်လိုဖြစ်လာရင်၊ ပညာတတ်ကြီးဖြစ်လာရင်၊ အရာရှိကြီး ဖြစ်လာရင် ဘာပြောပြော သရက်သီးလေးတော့ အခုကင်းပဲ ကင်းလားလေပြီလား၊ အခု သီးပဲသီးလာလေမလားပေါ့၊ တမျှော်မျှော်နဲ့ သဘောက်ပေါက်ပါနော်၊ (သဘောပေါက်ပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ပိတာ စ-အဖေတို့သည် လည်းကောင်း၊ မာတာ စ-အမေတို့သည်လည်းကောင်း၊ န သန္တိ-မရှိကြလေကုန်။ အဖေ ရှိပါတယ်၊ အမေရှိပါတယ် လောကသဘော။

ဒါပေမဲ့ ဘာမရှိတာလဲဆိုတော့ တာဏာယ-အားကိုးဖို့ သားသမီးတွေက တကယ်တမ်း မိဘကို အားကိုးတော့မယ်ဆိုရင် အားကိုးလို့မရတဲ့ မိဘတွေလဲ ရှိကြပါသေးတယ်။

အခု ပဋာစာရီကို ဟောနေတာနော်၊ ခုခေတ်စကားနဲ့ ပြောရင် 'ဟဲ့-နင့်သားတွေ သေပြီ၊ သားအကြီးလဲ သေပြီ၊ သားအငယ်လဲ သေပြီ၊ နင်အားကိုးလို့ ရအုံးမလား' ဆိုတော့ အေး-ဟုတ်တယ်နော်၊ အားကိုးလို့ မရတော့ဘူး၊ 'နင့်အဖေလဲ သေပြီ၊ နင့်အမေလဲ သေပြီ၊ ဟော့' ဆိုတော့ နင်အားကိုးလို့ ရအုံးမလား၊ မရတော့ဘူး၊ မရှိကြတော့ဘူး။

သားသမီးတွေ၊ မိဘတွေ သေသွားလို့ အားကိုးလို့ မရတော့ဘူး၊ ပဋာစာရီက မိဘသားသမီးတွေ သေသွားလို့ အားကိုးလို့ မရတော့ဘူး၊ အမို

www.burmeseclassic.com

www.burmeseclassic.com



လူတွေက သားသမီးတွေ သေသွားလို့ မရတာလား၊ အသက်ရှိလျက်နဲ့ကို မရတာလား၊ (ရှင်လျက်နဲ့ကို မရတာပါဘုရား)။ ဟုတ်လား၊ အဲဒီလိုလား၊ ဒါတွေကို သူတို့တစ်တွေ အသိဆုံးပါနော်၊ ဒီ သဘောလေးတွေကို သေသေချာချာ တွက်ကြည့်နော်၊ ဒါလေးတွေက ကြိုတင် သဘောပေါက်နားလည်ထားရမှာပါ။ ဒါကြောင့်မို့ ဒီတရားကို ဟောပေးချင်တာ။

ဗန္ဓဝါ-ဆွေမျိုးသားချင်းတို့သည်လည်းပဲ၊ န သန္တိ-မရှိကြလေကုန်၊ တာဏာယ-အားကိုးစရာ၊ ပဋ္ဌာစာရီမှာ မောင်ဆိုတဲ့ဆွေမျိုး မရှိတော့ဘူး။ ဘာဖြစ်သွားလို့လဲ ဆိုတော့ သေသွားလို့၊ အားကိုးစရာမရှိဘူးတဲ့၊ တကယ်တမ်းတွက်ကြည့်တော့ ဆွေမျိုး ဆွေမျိုးဆိုတာ သေရင် အားကိုးလို့ မရပါဘူးတဲ့။

ဆွေမျိုးတွေ ရှင်တုန်းရော အားကိုးလို့ ရလား၊ (မရပါဘူးဘုရား)၊ အမလေး - အားမကိုးရဘူး ဆိုပေမဲ့ ချဲသာပေါက်ကြည့်စမ်းပါ၊ ဆွေတွေမျိုးတွေ ဝိုင်းတောင်လာသေး။ သိန်း (၃၄၈) ပေါက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါ။ ဝိုင်းတောင်လာသေး၊ အမလေး ဒီအိမ်က အဆင်မပြေဘူးတဲ့ ဟော့ -ဆိုရင် အဲဒီအိမ် ရှေ့ကတောင် ဖြတ်မသွားဘူး၊ ဆွေမျိုး ဆိုတာလေ။

ဘယ်လောက် ကြောက်စရာကောင်းလဲ ကြည့်၊ အသက်ရှင်နေပါလျက် အားကိုးမရတာ တွေက တစ်ပုံတစ်ပင်ကြီး၊ ပဋ္ဌာစာရီရဲ့သား၊ ပဋ္ဌာ စာရီရဲ့မောင်၊ ပဋ္ဌာစာရီရဲ့ မိဘတွေဟာ သေ သွားလို့ အားကိုးစရာ မရှိတာ၊ အားကိုးလို့ကို မရတော့ဘူးတဲ့။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဒေသနာ ဝိလာသဉာဏ်၊ တရားတော်ဟောတဲ့ နေရာမှာ ကျွမ်းကျင်မှုကတော့ အလွန့်အလွန် အံ့သြလောက် အောင် ကျွမ်းကျင်တော်မူပါတယ်။

'ဟဲ့-ပဋ္ဌာစာရာ နင့်သားသမီးတွေ၊ နင့်ဆွေ မျိုး သားချင်းတွေ ဘယ်သူ့မှ အားကိုးလို့ မရဘူး၊ နင်သဘောပေါက်ရဲ့လား၊ မှန်ပါ သဘောပေါက် ပါတယ်ဘုရားပေ့ါ၊ နှုတ်က မဖြေသော်လဲ စိတ် အသိက ဖြေပြီးပြီပေါ့၊ သူ့ဘာမှ အားကိုးလို့

www.burmeseclassic.com



မရတော့ဘူးလေ။ 'နင်က သေပြီးမှ အားကိုးလို့ မရဘူး ပြောနေတာဟဲ့'။

တစ်လောကလုံး နင့်ဉာဏ်အစစ်နဲ့ လိုက်ကြည့်လိုက်စမ်း၊ ရှင်တုံးလဲ (အားကိုးလို့ မရပါဘူးဘုရား)၊ ဟုတ်ကဲ့လား၊ တကယ်ဖြေတာလား၊ (မှန်လှပါဘုရား)၊ အခု မဖြေနိုင်တဲ့သူတွေလဲ ရှိတယ်၊ ပါးစပ်ပိတ်ပြီး နေတဲ့သူတွေလဲ ရှိတယ်။

သားသမီးဆိုပါစို့၊ ဘယ်သူတွေပဲဖြစ်ဖြစ်၊ မိဘကို အားကိုးလို့ မရ မိဘဆိုရင်လဲ သားသမီးကို အားကိုးလို့မရ၊ တကယ်တမ်းကတော့ ကိုယ့်ကံကိုသာ ကိုယ့်အားကိုးလို့ ရသည်၊ "အတ္တာ ဟိ အတ္တနော နာထော" ဟု ဘုရားရှင် ဟောခဲ့ဖူးပါသည်။

ကိုယ့်ကိုကိုယ်အားကိုး၊ ကိုယ့်ကံကို ကိုယ်အားကိုး၊ ကိုယ့်ဉာဏ်ကို ကိုယ်အားကိုး၊ ကိုယ့်သတိကိုယ်အားကိုး၊ ကိုယ့်ဝီရိယကို ကိုယ်အားကိုးတဲ့။

မိဘကို အားကိုးလို့ မရဘူးတဲ့၊ သေရာကုဋင် ညောင်စောင်းလဲလျောင်းနေတဲ့ ပုဂ္ဂိုလ်အတွက် ဉာတိဆွေမျိုး သားချင်းတို့ဩ၊ သိသမျှ

www.burmeseclassic.com

www.burmeseclassic.com



လူတွေ ထည့်မယ်၊ မိဘ ညီ အစ်ကို မောင်နှမ ဆွေမျိုးသားချင်း အားလုံးထည့်မယ်၊ ထိုဆွေမျိုး အားလုံးတို့၌၊ တာဏတာ-အားကိုးစရာ ဆိုတဲ့ အဖြစ်သည်၊ နတ္ထိ-မရှိပါလေ။

ကုဋ္ဌင်ညောင်စောင်းပေါ် ရောက်လို့ သေတော့မယ်ဆိုရင် သားလဲ အားကိုးလို့မရဘူး၊ သမီးလဲ အားကိုးလို့မရဘူး၊ ဆွေမျိုးလဲ အားကိုးလို့ မရဘူး၊ မိဘလဲ အားကိုးလို့ မရဘူး၊ ကုဋ္ဌင်ညောင်စောင်းပေါ် ရောက်နေရင် သေခါနီးအချိန်မှာပေါ့၊ သေ င်လဲ အားကိုးမရသလို ကိုယ့်ကိုယ်တိုင် ကုဋ္ဌင်ညောင်စောင်း ရောက်နေ ရှင်တဲ့အခိုက်မှာလဲ အားကိုးလို့ ဘယ်သူကိုမျှ မရတော့ဘူး။

ဟိုကောင်မလေး ဘယ်သွားလဲ မသိပါဘူး၊ ငါ့အတွက် ဆန်ပြုတ်လေး ပြုတ်ပေးပါဆို၊ ကိုယ်ကမှ မထနိုင်တော့တာ၊ သူပြုသမျှ ဘာလုပ်ရမှာတုံး၊ (နုရမှာပါဘုရား)၊ ဒါလဲ သူတို့ သိတာပဲ၊ သူတို့ ပြုသမျှ နုရတော့မှာပဲ ဘာမှမတတ်နိုင်ဘူး။

အရင်းတုန်းကတော့ ငါ့သား၊ ငါ့သမီး၊ ငါ့တူ ငါ့တူမ၊ ငါ့မြေး၊ ငါ့လက်နဲ့ ငါခွဲ့ပေးခဲ့တဲ့သူတွေက သူတို့ ခွဲ့ပေးတဲ့ အလှည့်ကျ ရောင်သွားပြီ။ အဲလို

www.burmeseclassic.com

www.burmeseclassic.com



ဟောတော့ ကိုယ့်အကြောင်းတွေ ပြန်ပေါ်ပြီး စိတ်များ ဆင်းရဲမလား မသိဘူး၊ (မဆင်းရဲပါ ဘုရား)၊ ဘယ်ဆင်းရဲမှာတုံး၊ သူတို့က အရေခွံ ထူနေပြီ။

သေချာ စဉ်းစားကြည့်နော်၊ တကယ်ပါပဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တရားတော် တွေက လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) ကျော်က တည်းက ဟောခဲ့တဲ့ တရားတွေ အခုအထိမှန်၊ မမှန်။ (မှန်ပါတယ်ဘုရား)။ အဲဒါကြောင့် တရား ဆိုတာ မှန်တယ်၊ မှန်တာကို တရားခေါ်တာ။

အသက်အရွယ်ကြီး ကုဋ္ဌင်ဉာောင်စောင်း ပေါ် ရောက်တဲ့အချိန်မှာ ဘယ်သူ့ကိုမှ အားကိုးလို့ ရလိမ့်မည်မဟုတ်၊ လူတွေက ထင်နေကြပါသည်၊ သေမှ အားကိုးလို့ မရဘူးလို့ ထင်နေကြပါသည်။

တကယ်တမ်းကျတော့ ရှင်တုန်းလဲပဲ အားကိုးလို့ မရဘူး၊ (ဟုတ်ပါတယ်ဘုရား)၊ အဲလို ပေါ့ပေါ့ မဖြေနဲ့၊ သေချာစဉ်းစား၊ မဟုတ်ရင် ပြန် ပြော၊ ပေါ့ပေါ့မဖြေနဲ့၊ သေတုန်းကျ အားကိုးလို့ မရဘူးလို့ လူတိုင်းလက်ခံသည်၊ သိသည်၊ နား လည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်းတုန်းကျတော့ တောက်တိုမယ်ရလေးတော့ ခိုင်းလို့ ရသေးတယ်ဆိုတဲ့ အစွဲရှိသနော်၊ အဲဒီအစွဲ အဲဒီအစွဲ ဘယ်လောက်ကြောက်စရာကောင်းသလဲ။

နိဗ္ဗာန်လမ်းဆိုတာ ရှိပါသည်။ ဘာလို့ မသွားနိုင်တာလဲ ဆိုရင် ရှုပ်နေလို့၊ မရှင်းလို့။ ဘာတွေမရှင်းတာလဲ၊ ဘာတွေ ရှုပ်နေတာလဲ ဆိုတော့ ငါအားကိုးလို့ ရလိမ့်အုံးမယ်လို့ ထင်ထားတဲ့အစွဲ၊ အဲဒီအစွဲက နိဗ္ဗာန်လမ်းကို ရှုပ်ထားသည်။

တရားဟောရတာက တရားနာတဲ့သူတွေကို ခပ်ကြောက်ကြောက်၊ ဟိုတစ်နေ့ကပဲ ကလေးမတစ်ယောက် ဆုံးပါးသွားတာ (၇) လပြည့်ကို တရားသွားဟောပေးရတယ်၊ အရာရှိတွေပါပဲ၊ ဝန်းထမ်း တွေပါပဲ။ "ဘုန်းဘုန်း, အဲဒီလိုမျိုး ဘယ်သူ့မှ အားကိုးလို့ မရဘူးဆိုရင် တပည့်တော်သဘောပေါက်ပြီတဲ့။ တပည့်တော်လခ သူ့မပေးတော့ဘူး ကိုယ်ပဲသုံးမယ်တဲ့၊ အဲဒီတော့ ဒကာမကြီးက ထပြောတယ်၊ မပေးနဲ့၊ နေပေါ့တဲ့၊ တပည့်တော်လဲ ချက်မကျွေးတော့ဘူးတဲ့။ ကဲ-မှတ်ကရော။

www.burmeseclassic.com



ကရားသဘောကို တစ်မျိုးသဘော မပေါက်လိုက်ပါနဲ့၊ အားကိုးတယ်၊ အားကိုးတယ်ဆိုတာ ကိုယ့်ကံ၊ ကိုယ့်ဉာဏ်၊ ကိုယ့်ဝီရိယကိုပဲ အားကိုးရတယ်တဲ့။

တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် တစ်မိသားစုနဲ့တစ်မိသားစု၊ မိသားစု တစ်ခုရယ်လို လာပြီး ပေါင်းစုနေမှတော့ သူ့တာဝန် သူကျေ၊ ကိုယ့်တာဝန် ကိုယ်ကျေရမှာပါပဲ၊ သူ့ကိုအားကိုး တကြီးနဲ့တော့၊ အားကိုးတကြီး ဆိုတာက အတင်း ဖက်တွယ်ပြီး ငါသေရင် သူလိုက် သေတော့မယ် လို့ထင်၊ ငါငိုရင် သူလိုက် ငိုတော့မယ်လို့ ထင်၊ အဲဒီလို ကိုယ်ထင်ချင်သလို မထင်နဲ့လို့ ပြောချင် တာပါ၊ ကိုယ်ကသာ ငိုယိုနေ၊ သူက ဟိုဘက် ကျောပေးပြီး ပြုံးနေတာတွေ တစ်ပုံကြီး။

ဖြစ်ရမှာက၊ မိသားစုတွေဟာ ကိုယ့်တာဝန် ကိုယ်ကျေ၊ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ မေတ္တာ အပြည့်နဲ့ နေကြပါ၊ ဟိုလူကြီးကလဲ သူမရှိ မဖြစ် ဘူးဆိုတဲ့၊ ဒီလူကြီးကလဲ သူမရှိ မဖြစ်ဘူးဆိုတဲ့ ပုံစံမျိုးနဲ့ သားသမီးကလဲ ငါရှိမှ၊ မိဘကလဲ ဒို့ရှိမှ

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အားကိုးခံချင်ကြလို့၊ အားကိုးနေကြလို့ အားကိုးမျိုးနဲ့တော့ မနေသင့်ဘူးလို့ ပြောတာပါ။

ဦးပဥ္စင်းကလေး ဒကာမကြီး ဒေါ်သန်းတင်ကို သွား၊ သွား သတိရတယ်၊ သူက ဓမ္မဒူတ ဆရာတော်ကြီးနဲ့ ဆက်စပ်ပြီး ပြောတယ်၊ ငိုတော့ မငိုဘူး၊ မငိုဘဲနဲ့ ပြောတာ၊ သူက ဆရာတော်ကြီးကို 'သားရဟန်း ဆိုပြီး သူ့အားကိုးလို့ ဒီလာမှ သူက အရင်ပျံလွန်တော်မူတယ်' တဲ့ ဆရာတော်ကြီးလွန်တော်မူတာကို အဲဒီလိုပြောတော့ ဓမ္မသဘောအရ ဘယ်တတ်နိုင်မှာလဲ။

ဒါပေမဲ့ ပြောပါသေးတယ်၊ "အော် - သူ့ကံနဲ့သူ၊ ကိုယ့်ကံနဲ့ကိုယ်ပဲလေ"တဲ့။

သူ့ကံနဲ့သူ လာပြီးတော့ သူ့ကံနဲ့သူ သွားကြလေကုန်၏၊ လာတုံးကလဲ သူ့ကံနဲ့သူ လာသည်၊ သွားတော့လည်း သူ့ကံနဲ့သူ သွားသည်။ ကိုယ်က 'သူ့ကို အားကိုးမယ်၊ သူ့ကို အားကိုးမယ်'လို့ အားကိုးလို့ ရတယ် ထင်ကြလေကုန်၏၊

တကယ်တမ်းကျတော့လေ ဒီဘက် ရန်ကုန်ဘက်နယ် တွေတော့ သိ မသိ မပြောတတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဦးပဥ္စင်းတို့ငယ်ငယ် ကလေးဘဝတုန်းက နေခဲ့တဲ့အိမ် ရှေ့ကတော့၊ စစ်ကိုင်းအိမ်ရှေ့က တော့ မိုးတွင်းကာလ မိုးရွာလို့ မိုးရေစီးပြီဆိုရင် ဟို-စစ်ကိုင်းတောင်ရိုးဘက်က မိုးရေစီးကြောင်း ကြီးကျလာတယ်၊ စီးလာတယ်၊ မိုးရေးစီးကြောင်း ကျလာတယ် ဆိုတာ မြင်ဘူးကြလား၊ မိုးရေစီး ကြောင်းကို မမြင်ဘူးတာ များပါတယ်၊ သူက လမ်းထဲမှာ ရေတွေ ဝေါဝေါဆို စီးသွား၊ တစ်ပေတို့ နှစ်ပေတို့ အဲဒီလောက် မြင့်တာကိုး၊ လမ်းကလဲ ပေ ၂၀၊ ၃၀ ကျယ်တော့ ချောင်းလို ဖြစ်သွား တာပေါ့။

BURMESE CLASSIC

အဲဒီအထဲမှာ မျောလာလိုက်ကြတာ၊ မိုးရေ စီးကြောင်းတွေ စီးပြီဆိုတော့ အမှိုက်တွေလဲ မျောလာတယ်ပေါ့၊ အုန်းလက် ငှက်ပျောလက် ဖိနပ်စုတ်တွေလဲ မျောလာတယ်ပေါ့။

ကတ္တီပါ ဖိနပ်စုတ်လေးက တစ်ဖက်၊ ကြက် ပေါင်ဖိနပ်စုတ်ကလေးက တစ်ဘက်၊ ဟိုဘက်က ခုံဖိနပ် စုတ်တစ်ဘက်၊ ခုံဖိနပ်တော့ သိတယ် မဟုတ်လား၊ အသားဖိနပ်။

www.burmeseclassic.com

www.burmeseclassic.com



ခုံဖိနပ်စုတ်လဲ သူ့ဟာသူ မျောချင်ရာ မျော လာတာပဲ၊ ဘယ်က မျောလာမှန်းမသိဘူး၊ ကြက် ပေါင်ဖိနပ်စုတ်ကလဲ ဘယ်ကဘယ်လို မျောလာ တာလဲ မသိဘူး၊ မျောချင်ရာ မျောလာတာပဲ။

ဟော . . . အံကိုက်ပဲ၊ အိမ်ရှေ့မှာ ဖိနပ် စုတ်နှစ်ခုက ကပ်တွဲသွားလိုက်တာ၊ ရေစီးထဲမှာ ပဲပေါ့၊ အောင်မယ် ကြည့်စမ်း၊ ဒီခုံဖိနပ်နဲ့ဒီကြက် ပေါင်ဖိနပ်က အတူတူတွဲတာ၊ ဘယ်တစ်ဖက် ညာတစ်ဖက် တစ်ရံဖြစ်နေတာပေါ့၊ ခုံဖိနပ်နဲ့ ကြက်ပေါင်ဖိနပ်သာ ကွာတာ၊ ဘယ်ညာတစ်ရံ တော့ တစ်ရံပါပဲ၊ တဖြည်းဖြည်းနဲ့ အတူတူ တွဲပြီး မျောသွားလိုက်တာ။

လှမ်းကြည့်နေတုန်း ရှိသေးတယ်၊ ရှေ့က အုန်းလက်ကိုင်းတစ်ခုနဲ့ တိုက်လိုက်တော့ ကွဲသွား ရော။

ဟိုဘက်ကို ဖိနပ်တစ်ဖက်က လည်ချာလည် ချာ ဆက်ပြီး မျောသွားတယ်၊ ဒီဘက်မှာတော့ တစ်ဖက်က ဘေးနားက အစွန်းနဲ့ငြိပြီး ရပ်နေ တယ်။ ကွဲသွားပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့ ပြန်ဆုံမယ်လို့ ပြောနိုင်လား၊ (မပြောနိုင်ပါဘုရား)။ မပြောနိုင်ဘူးတဲ့၊ လာတုန်းကလည်း ခုံဖိနပ်တစ်ဘက်လဲ သူ့ဟာသူလာတာ၊ ရေစီးထဲ မျောလာတာ၊ ကြက်ပေါင်ဖိနပ်စုတ်ကလဲ သူ့ဟာသူလာတာ ရေစီးထဲ မျောလာတာ။ ဆုံချင်တော့လဲ သူ့ဟာသူဆုံတာ၊ ဆုံပြီးတော့ ကွဲချင်တော့လဲ သူ့ဟာသူ ကွဲတာ၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

အကြောင်းဆုံရင် ဆုံတယ်၊ တွဲတယ်ပေါ့။ အကြောင်းကုန်ရင် မဆုံတော့ဘဲ ကွဲတယ်ပေါ့။

လောကကြီးကို မြင်အောင်ကြည့်လိုက်ကြပါကုန်လော့၊ တစ်မိသားနဲ့တစ်မိသား၊ တစ်ဦးနဲ့တစ်ဦး၊ သားသမီးနဲ့မိဘ၊ ဆရာသမားနဲ့တပည့်၊ သူလဲ သူ့အကြောင်းနဲ့သူလာ၊ ကိုယ်လဲ ကိုယ့်အကြောင်းနဲ့ ကိုယ်လာ၊ ဘယ်သူ့ဘယ်သူမှ ချိန်းထားတာ မဟုတ်ဘူးလေ၊ ဘာနဲ့ ဘာတွေလဲ၊ (ခုံဖိနပ်စုတ်နဲ့ကြက်ပေါင်ဖိနပ်စုတ်ပါဘုရား)၊ ကြက်ပေါင်ဖိနပ်ဆိုတာ ရာဘာဖိနပ်ကို ပြောတာပါ၊ အတူတူပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကဲ-ပြော။ ခုံဖိနပ်စုတ်နဲ့ ကြက်ပေါင်ဖိနပ်စုတ် ဘာဖြစ်ချင်လဲ၊ (ဘာမှ မဖြစ်ချင်ပါဘုရား)၊ အောင်မယ် . . . မဖြစ်ချင်လဲ ဖိနပ်စုတ်တွေက ဖိနပ်စုတ်တွေပါပဲ၊ အတူတူပဲ မဟုတ်လား။

လောကကြီးကို မြင်၊ အာင် ကြည့်လိုက်ကြပါကုန်လော့၊ ဟောဒီ မို့ ခရစီးကြောင်းထဲက ခုံဖိနပ်ကိုလဲပဲ ကြက်ပေါင်ဖိနပ်စုတ်က အားမကိုးနိုင်၊ ကြက်ပေါင်ဖိနပ်စုတ်ကိုလဲ ခုံဖိနပ်က အတင်းတွဲပြီး အားကိုးလို့မရ၊ ပူးချိန်တန်ရင် ဘာဖြစ်မှာလဲ၊ (ပူးမှာပါဘုရား)၊ ခွာချိန်တန်ရင်လဲ (ခွာမှာပါဘုရား)၊ ခွာပြီးရင် ဘယ်အချိန်ပြန်ဆုံမယ်လို့ ပြောမနိုင်ဘူး၊ တစ်ခါတစ်လေ ပြန်ဆုံချင်ဆုံမယ်၊ မဆုံချင် မဆုံဘူး။ သေချာပေါက်တော့ ဘာမှ မပြောနိုင်ဘူးတဲ့၊ တွဲနေတဲ့အခိုက် တွဲနေတယ်၊ ခွဲနေတဲ့အခိုက် ခွဲနေတယ်၊ ဒါပဲ ပြောနိုင်တယ်၊ ဒါပဲ သိလို့ရတာကိုး။ သဘောက်ပေါက်လား မသိဘူး။ (သဘောပေါက်ပါတယ်ဘုရား)။

ကနေ့ကတော ဥပမာနှစ်မျိုး ပြောလိုက်ပြီ၊ ခုံ ဖိနပ်စုတ်ရယ်၊ ကြက်ပေါင် ဖိနပ်စုတ်ရယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါက တစ်မျိုး၊ သဘောပေါက်ပါ၊ ဒါမှမဟုတ် ရင်လဲ ဆယ်နှစ်တိုင်တိုင် စိုက်လာတဲ့ သရက်ပင် ရယ်၊ အဲဒါက တစ်မျိုး။ ဒါလဲ သဘောပေါက်ပေါ့၊ ဟုတ်လား။

ခုံဖိနပ်စုတ်လေးကလဲ ကြက်ပေါင် ဖိနပ် စုတ်ကို အားကိုးလို့ မရဘူး၊ ကြက်ပေါင်ဖိနပ်စုပ် ကလည်း ခုံဖိနပ်စုတ်ကို အားကိုးလို့ မရဘူး၊ နေပါအုံး နေပါအုံးဆိုပြီးတော့၊ အတင်းတက် တွယ်ဖက်လို့ ရမလား၊ လက်လှမ်းဆွဲထားလို့ ရမလား၊ (မရပါဘူးဘုရား)၊ ဘယ်ရမှာတုံး၊ သူတို့မှ လက်မပါဘဲ။

တစ်ချို့ပုဂ္ဂိုလ်တွေက ကုဋေငွေဥစ္စာ ချောင်စောင်း လဲလျောင်းပြီး သေခါနီးတဲ့ အချိန်ကျတော့ သားလာပါအုံး၊ သမီးလာပါအုံး၊ အဖေလာပါအုံး၊ အမေလာပါအုံး၊ ဆွေတွေမျိုးတွေ လာပါအုံးလို့ ဆွဲကြလေကုန်၏၊ ရမ်းကြလေကုန်၏၊ အို- သူတော်ကောင်းတို့ ရလိမ့်မည်မထင်နဲ့၊ ခုံဖိနပ် စုတ်တွေ၊ ကြက်ပေါင်ဖိနပ်စုတ်တွေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့်ချင်း တစ်ဆင့်ချင်း၊ ဉာဏ်နားနဲ့ ပြန်ပြီး နားထောင်လိုက်စမ်းပါတဲ့၊ သားသမီး ညီအစ်ကို မောင်နှမ ဆွေမျိုးသားချင်း မိဘဆရာ တပည့်တပန်းတွေ ဆိုတာသည် သေသွားရင် အားကိုးလို့ ရအုံးမလား၊ (မရပါဘူးဘုရား)။ ဒါဖြင့်ရင် ရှင်တုန်းတော့ အားကိုးလို့ ရနိုင်သေးတယ်ပေါ့၊ (မရပါဘူးဘုရား)။

သူသူကိုယ်ကိုယ် လူနတ်ဗြဟ္မာ သတ္တဝါတွေ အားလုံးဟာ သံသရာ ရေစီးကြောင်းမှာ မျောနေကြတာပါ။ ရေစီးကြောင်းမှာ ခဏလေး လာဆုံတာကို ပုံပြီးအားကိုးလို့ မရဘူးဆိုတာ သဘောပေါက်လိုက်စမ်းပါ၊ (သဘောပေါက်ပါပြီဘုရား)။

ပေါ့ပေါ့မတွက်နဲ့၊ အဲဒီအသိလေးက အရေးကြီးတာ၊ 'အားကိုးလို့ ရလိမ့်အုံးမယ်' လို့ ထင်နေရင် အဲဒါနိဗ္ဗာန်လမ်းမရှင်းဘူးတဲ့၊ လမ်းမရှင်းတာက နှစ်မျိုးရှိတယ်၊ လမ်းရှုပ်ဆိုတာ နှစ်မျိုးရှိတယ်၊ ကိုယ်က သူများကို အားကိုးစရာလို့ ထင်ရင်လဲ လမ်းရှုပ်တယ်တဲ့။ ကိုယ့်ကို သူများတွေ အားကိုးလိမ့်မယ် ထင်ရင်လဲ လမ်းရှုပ်တယ်တဲ့၊ ပြောပြမယ် နှစ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာကျနေတဲ့ အမှိုက်သရိုက်တွေက လမ်းကြီးကို ပိတ်၊ လမ်းကြီးကို ရှုပ်အောင် လုပ်နေတာ နှစ်မျိုး၊ ကိုယ်က သူများကို အားကိုးချင်စိတ်လေး ပေါ်နေရင်လဲပဲ လမ်းရှုပ်တာ၊ ကိုယ်က လဲပဲ ကိုယ့်ကို သူများတွေ အားကိုးစေချင်ရင်လဲပဲ လမ်းရှုပ်တာ။

ပြန်ပြောပါမယ်၊ အရေးကြီးလွန်းလို့။ ဒါက ရှုးနေတဲ့ ပဋ္ဌာစာရီကို သောတာပန် ဖြစ်သွားစေတဲ့တရားပါ၊ အဲဒါကို နားလည်ဖို့ နားလည်သွားအောင် ပြောရရင်၊ "ဟဲ့. . . ပဋ္ဌာစာရီ နင်ကလဲ သူများကို အားမကိုးနဲ့၊ သူများရဲ့အားကိုးကိုလဲ့ နင်မခံချင်နဲ့"လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဲဒီသဘော ဟောချင်တာပါ။

နိဗ္ဗာန်လမ်း မရှိဘူးလား၊ ရှိလား၊ (ရှိပါတယ်ဘုရား)၊ သွားဖြစ်လား၊ (မသွားဖြစ်ပါဘူးဘုရား)၊ သွားလို့ရော ဖြစ်လား၊ (သွားလို့လည်း မဖြစ်သေးပါဘုရား)၊ ဘယ်သွားဖြစ်မှာတုံး၊ ရှုပ်နေတာကိုး။

လမ်း'ရှုပ်တယ် ရှုပ်တယ်'ဆိုတာက နှစ်မျိုးရှိပါတယ်၊ ကိုယ်ကလဲ သူများကို အားကိုးချင်၊

www.burmeseclassic.com

www.burmeseclassic.com



သူများဆိုတာ အမေပဲဖြစ်ဖြစ်၊ အဖေပဲဖြစ်ဖြစ်၊ ဆရာပဲဖြစ်ဖြစ်၊ တပည့်ပဲဖြစ်ဖြစ်၊ သားပဲဖြစ်ဖြစ်၊ သမီးပဲဖြစ်ဖြစ်၊ မိတ်ဆွေပဲဖြစ်ဖြစ်၊ ခင်ပွန်းယောကျ်ားပဲဖြစ်ဖြစ်၊ ဇနီးမယားပဲဖြစ်ဖြစ် တစ်ယောက် တစ်ယောက်ယောက်ကို အားကိုးမယ်ပေါ့ - ဆိုရင် ရှုပ်သွားပြီ။

'ငါ့ကိုတော့ ဘယ်သူက အားကိုးလောက်ရဲ့၊ ငါ့ကိုတော့ သူတို့က အားကိုးနေတယ်နဲ့ တူပါတယ်၊ ငါမပါရင် ဘယ်ဟာမှ မပြီး၊ ငါမရှိ မဖြစ်သေးပါဘူး၊ အဲဒါပဲ ငါမရှိရင်တော့ ဒီကလေးတွေ ဘယ်လို လုပ်မလဲ' ဆိုတာတွေဟာ နိဗ္ဗာန်လမ်းအတွက် အမှိုက်သရိုက်တွေပေါ့။

'အရှင်ဘုရား၊ အရှင်ဘုရားတို့ကတော့ ဟုတ်တာပေါ့၊ ဘုန်းကြီးကိုး တပည့်တော်တို့မှာ ဒီကလေးတွေက ခြေလွတ်လက်လွတ် မဟုတ်သေးဘူးဘုရား' တဲ့ လာ၊ လာပြီးပြောတယ်။

လက်လွတ်ရုံစောင့်ရမှာလား၊ ခြေလွတ်ရုံစောင့်ရမှာလား၊ ခြေရော လက်ရော လွတ်အောင်စောင့်ရမှာလား၊ (ခြေရောလက်ရော လွတ်အောင်ပါဘုရား)၊ အဲဒါဆိုလဲ ပစ်သာချလိုက်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပေါ့တန်တန် မတွက်လိုက်ပါနဲ့၊ ဘာနဲ့ တူသလဲဆိုတော့ ဟိုမှာ ဦးပဥ္စင်းတို့ နေခဲ့တဲ့ တောကျောင်း ရှိတယ်၊ တောရကျောင်းဆိုတော့ တောထဲမှာပေါ့၊ ဒီတောထဲကို ရွာထဲက သစ်သီးခူး သမား၊ ထင်းခွေသမား၊ တောခုတ်သမားတွေကလဲ သွားကြတာပေါ့။

ဒီလိုပဲ သွားလာနေတော့ ဒကာကြီးတစ် ယောက် သူက တောထဲမှာ ထင်းသွားခွေတာပေါ့၊ ထင်းခွေတယ်ဆိုရင် ကြိုးတွေဘာတွေ ယူသွား ရတာကိုး၊ ရွာထဲကတည်းက ချည်စရာ ချည် ကြိုးတွေ ဘာတွေ ယူသွားရတယ်၊ ဟိုကျတော့ ထင်းတွေ ပိုင်းပိုင်း ခုတ်ပြီးတော့ တောထဲက ပြန် ခဲ့လို့ ရှိရင် ခုတ်ပြီးထားတဲ့ ထင်းတွေကို စီးပြီး တံပိုးနဲ့ လျှိုပြီး ထမ်းပြန်။

တစ်နေ့ ထင်းတွေကပလားစဲလို့၊ ဖရိုဖရဲ ပုံထားတာ၊ ထင်းစီး မစီးရသေးဘူး၊ ဦးပဥ္စင်းကလဲ အဲဒီကျောင်းကဖြတ်အသွားမှာ အဲဒီ ထင်းခွေတဲ့ ဒကာကြီးနဲ့ တွေ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . . ဦးပဥ္စင်းဘုရား၊ ဦးပဥ္စင်းဘုရား' တဲ့၊ ဒကာကြီးက လှမ်းခေါ်တယ်။ ဒကာကြီး ကိုလည်း သူ့အကြောင်းကိုတော့ နည်းနည်းပါးပါး သိထားပါတယ်၊ အဲဒီနေ့ကတော့ သူက ကောင်း ကောင်းမွန်မွန်ပဲ ခေါ်တာ။

'ဦးပဥ္စင်းဘုရား လာပါအုံး၊ တပည့်တော်ကို ကယ်ပါအုံး'တဲ့၊ 'ဒကာကြီး ဘာဖြစ်နေလို့လဲ၊' 'တပည့်တော် ထင်းအစီးချည်ပြီးတော့ ရွာပြန် မလို့ ပြန်လို့ မရဘူး'တဲ့၊

'ဟာ. . . ဘာလို့ မရရမှာတုံး၊ ကိုယ့်ရွာကိုယ် ပြန်ပေါ့၊ ဘယ်သူက တားထားလို့တုံး'၊ မဟုတ်ဘူး ဘုရားတဲ့၊ အရှင်ဘုရားကြည့်တဲ့၊ ကြည့်ဆိုတော့ လှမ်းကြည့်လိုက်တာပေါ့၊ သူ့ခြေထောက်ကို လက်ညှိုးထိုးပြတော့ ကြည့်လိုက်မိတာပေါ့။ ခြေ ထောက်နှစ်ဖက်လုံး ကြိုးနဲ့ချည်ထား၊ ခြေထောက် တစ်ဖက်စီကို ကြိုးနဲ့ချည်၊ ဘယ်ဖက်ကို ကြိုးနဲ့ချည် ပြီးတော့ ဟိုဖက်က ငုတ်ကို ချည်ထားတယ်၊ ညာ ဖက်ကို ကြိုးနဲ့ချည်ပြီးတော့ ဟိုဖက်ပေါင်က

www.burmeseclassic.com

www.burmeseclassic.com



ဝါးလုံးကို ချည်ထားတယ်၊ တပည့်တော် ရွာပြန်လို့ မရဘူးတဲ့။

'ဟဲ့ ဒကာကြီး ဘာလို့မရရ၊ မတုံး၊ 'ကြိုးချည်ထားလို့' တဲ့၊ 'ဘယ်သူချည်တာတုံး'၊ မသိဘူးတဲ့၊ ဘယ်သူလာချည်သွားမှန်း မသိဘူးတဲ့။

ခြေထောက်နှစ်ဘက်လုံး ဘာချည်ထား၊ (ကြိုးချည်ထား)၊ ရွာ မပြန်ချင်ဘူးလား၊ ပြန်ချင်လား၊ (ပြန်ချင်ပါတယ်ဘုရား)၊ သွားလို့ရသေးလား၊ (မရပါဘုရား)။ ဘာဖြစ်လို့၊ (ကြိုးချည်ထားလို့ပါဘုရား)။ တရားနာနေတဲ့ သူတော်ကောင်းတို့၊ နိဗ္ဗာန်ကို သွားချင်၊ မသွားချင်၊ (သွားချင်ပါတယ်ဘုရား)။ သွားလေ၊ (သွားလို့ မရပါဘူးဘုရား) အမယ်. . . ဘယ်သူက သွားမရအောင် ချည်ထားလဲ ပြောစမ်းပါအုံး။

ဦးပဥ္စင်းက အဲဒီလို ကြိုးချည်မိနေတဲ့ သူနဲ့ပြောနေတုံး ရှိသေး၊ သူ့အဖေါ်တစ်ယောက်က ရောက်လာတယ်၊ ဟာ. . . ဦးပဥ္စင်းကဲ သိရော သွားနဲ့တဲ့၊ သူက ဒါလေတဲ့၊ ဘာလဲ ဒါလေဆိုတာ၊

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ သူလုပ်ပြတာ ပြရတာပဲ၊ လက်ညှိုးလေးကို ကောက်ပြ ကွေးပြ၊ ဘာ, အဲဒါ "သူ့ဟာသူ ရှုးနေပြီး သူ့ဟာသူ ချည်ထားတာဘုရား''တဲ့၊ အံ့ရော၊ အံ့ရော။ ကဲ့ သူ့ဟာသူ ချည်ထားပြီးတော့ အရှင်ဘုရား ကယ်ပါဦး၊ တပည့်တော် သွားမရဘူးတဲ့။ ဘယ်နှယ် လုပ်ကြမလဲ၊ ကိုယ်က ဖြည်ပေးလိုက်လဲ သူကတော့ 'ပြန်ချည်မှာပါဘုရား'၊ အော်- ဟုတ်လား။

ဘယ်လောက် ကြောက်ဖို့ ကောင်းလိုက်သလဲ၊ **'ပုထုဇ္ဇနော ဥမ္မတ္တကော'**တဲ့။

ခု တရားနာနေတဲ့ သူတော်ကောင်းတွေ နိဗ္ဗာန်ကို သွားလို့မရဘူးလား၊ ရလား၊ (ရပါတယ်ဘုရား)။ လမ်းမရှိဘူးလား၊ ရှိလား၊ (ရှိပါတယ်ဘုရား)။ ခုသွားလို့ရလား၊ (မရပါဘူးဘုရား)။ ဘာဖြစ်လို့ (အချည်ခံထားရလို့ပါဘုရား)။ ဘယ်သူက ချည်၊ (ကိုယ့်ဟာကိုယ် ချည်းထားပါတယ်ဘုရား) ဒါဖြင့် ဘာတွေလဲ၊ (အရူးတွေပါဘုရား)။ သွားပြီ သွားပြီ။ အမလေး ဒို့က တရားပြော နေတယ် ထင်တာ၊ အခုကျမှ သိတော့တယ်။ ဒို့က

www.burmeseclassic.com



ခုံဖိနပ်စုတ်နဲ့ ကြွက်ပေါင်ဖိနပ်စုတ်နဲ့ အရှူးတွေနဲ့ စကားပြောနေမိတာကို။

ပြောလို့သာ ပြောရတာပါ၊ အခု တရားနာနေတဲ့ သူတော်ကောင်းတွေဟာ ပါရမီအစုစုတွေ ဖြည့်ခဲ့ကြလေကုန်၏၊ ကုသိုလ်ကောင်းမှုအစုစုတွေ ပြုခဲ့ကြလေကုန်၏၊ နိဗ္ဗာန်လမ်းကြီးက ရှိနေပါတယ်၊ ဒါပေမဲ့ မဖေါ်၊ ဒါပေမဲ့ မရှင်း၊ ဒါပေမဲ့ လမ်းက မကောင်း။

ဘာဖြစ်လို့လဲဆိုရင် ကိုယ့်အမှိုက် ကိုယ်ချပြီ ကိုယ့်လမ်းကို ကိုယ်ရှုပ်နေကြလေကုန်၏၊ အရင်ကလဲ အဲသလိုပဲ ရှုပ်ခဲ့ကြလေကုန်၏၊ အခုလဲ အဲသလိုပဲ ရှုပ်နေကြလေကုန်၏၊ လမ်းရှုပ်အောင် လုပ်နေပုံ ပြောပါတယ်၊ ဒါမှ မဟုတ်သွားမရအောင်လဲ ကိုယ့်ခြေထောက် ကိုယ့်ကြိုးနဲ့ ကိုယ်ပဲ ချည်ထားကြလေကုန်၏။

ငါက ဘယ်သူ့ကို အားကိုးမယ်၊ ဘယ်သူ့အားကိုးတာကို ငါခံမယ်၊ နှစ်မျိုး၊ ကြိုးချည်ပုံနှစ်မျိုး၊ တစ်ချို့က သောတာပန်ဖြစ်ချင်တယ်၊ ဘယ်ဒိုးအားထုတ်ရမလဲပေါ့၊ လာလာမေးတယ်၊ ဖြစ်ချင်

www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းလိုက်ခဲ့၊ ဦးပဥ္ဇင်းတို့အရပ်က သောတာပန် အရပ်ပဲ၊ မွေးကတည်းက သောတာပန်အရပ်မှာ မွေးလာတာ၊ ကဲ ဘယ်လိုလဲ သောတာပန်အရပ် ရောက်တာနဲ့ သောတာပန်ဖြစ်ရောလား၊ (မဖြစ်ပါ ဘုရား)၊ တကယ်သောတာပန်ဖြစ်ချင်ရင်တော့ အဲဒီကြိုးနှစ်ချောင်းကို ဖြည်ပါတဲ့ ဟုတ်လား။

ဘာနှစ်ချောင်း၊ (ကြိုးနှစ်ချောင်းပါဘုရား)။ ဘာကြိုးနဲ့ ဘာကြိုးလဲ၊ (ကိုယ်က သူများကို အားကိုးချင်တာနဲ့ သူများ အားကိုးခံချင်တာ နှစ်မျိုး ပါဘုရား)၊ ကိုယ်က သူများကို အားကိုးစရာလို့ ထင်မြင်ပြီးတော့ အားကိုးချင်ကြလေကုန်၏၊ ကြိုးတစ်ချောင်း ချည်ထားသည် ဘယ်ဘက်။ ကိုယ့် ကိုလဲ သူတို့လေးတွေက အားကိုးကြလိမ့်မယ်၊ ကိုယ့်ကိုယ်ကို အားကိုးစရာအကောင်ကြီး၊ သူတို့ တွေရဲ့ အားကိုးစရာ အရှင်သခင်ကြီး။

တပည့်တော်တို့ မရှိရင်တော့ သူတို့လေး တွေ ဒုက္ခရောက်မယ်လို့ အားကိုးခံချင်တဲ့ စိတ်က လဲပဲ ညာဘက်ခြေထောက်ကို ကြိုးနဲ့ချည်ထားကြ လေကုန်၏၊ နှစ်မျိုးဟုတ်လား၊ (ဟုတ်ပါဘ

www.burmeseclassic.com

www.burmeseclassic.com



ဘုရား)၊ သောတာပန်မဖြစ်တာ သဘောပေါက်ပြီလား။ (သဘောပေါက်ပါပြီဘုရား)၊ သောတာပန်ဖြစ်ချင် ဘယ်လိုလုပ်မတုံး၊ ကြာကြာထိုင်မလား၊ ကြိုးနှစ်ချောင်းချည်ထားတာ ဖြည်မလား၊ (ဖြည်ရမှာပါဘုရား)။

အရင်က ဘယ်သူက ချည်ထားတာလို့ သိလား၊ (မသိပါဘုရား)၊ ခု ဘယ်သူချည်ထားတယ်ဆိုတာ သိလား၊ (ခုတော့ သိပါပြီဘုရား)၊ သိရင်ဖြည်လိုက်ပေါ့။

တစ်ချို့က လာလာမေးကြတယ်၊ အရှင်ဘုရားတဲ့၊ သောတာပန်ဖြစ်ရင် ဘယ်လိုကြီးနေရမှာတုံးတဲ့၊ ဟဲ့- အပါယ်ကို ဆွဲချည်တဲ့ ကြိုးတွေ မရှိတော့ဘူးဆိုတော့ စိတ်ကလေးကိုက လွတ်လွတ်လပ်လပ် ဖြစ်ပြီး မချမ်းသာဘူးလား၊ ချမ်းသာလား၊ (ချမ်းသာပါတယ်ဘုရား)။

အားကိုးစရာ လူမရှိတော့ဘူးဆိုရင် အရင်ကဖြစ်ခဲ့တာက 'ဟောတော့. . . ဟောဗျာ' ဆိုပြီး ဒုက္ခတွေကို ရောက်လို့ မနေတတ် မထိုင်တတ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သိပြီ၊ ကြိုးနှစ်ချောင်း မရှိရင်၊ ချည်မထားရင် ကိုယ်ကျမ်းမှာ စိတ်ချမ်းသာ အဆင်ကို ပြေလို့ ဘယ်လောက် ကောင်းလိုက်သလဲ၊ တရားအစစ်က လွတ်လွတ်လပ်လပ် အေးအေးဆေးဆေးနဲ့ ချမ်းသာလိုက်တာ၊ (မှန်လှပါဘုရား)။

ဦးပဥ္စင်းတို့ ဘုရား တရား သံဃာကို အားကိုးတယ်ဆိုတာက ပုံစံတစ်မျိုးပေါ့။

ဆိုပါစို့၊ ဦးပဥ္စင်းရဲ့ ဆရာတော်ဖြစ်တဲ့ ဓမ္မဒူတ ဆရာတော်ကြီးကို အားကိုးရမှာလား၊ ဆရာတော်ကြီးရဲ့ အဆုံးအမကို အားကိုးရမှာလား၊ (အဆုံးအမကို အားကိုးရမှာပါဘုရား)။

ဘုရားရှင်ရဲ့အဆုံးအမကို အားကိုး၊ တရားကို အားကိုးလို့ ပြောတာပေါ့၊ ဒါကိုပဲ ဘုရားကိုလဲ အားကိုးတယ်လို့ ပြောတာပါ။

အဲဒီအဆုံးအမတွေကို နာကြားပြီးတော့ ကိုယ့်ကိုကိုယ် ဘာလုပ် ရမှာလဲ၊ အဆုံးအမအတိုင်း နေ၊ အဆုံးအမအတိုင်း ကျင့်၊ အဲဒီလို အားကိုးရမှာ၊ ဆရာတော်ကြီးကို ဟို-လူတွေ အားကိုးသလို

www.burmeseclassic.com



အားကိုးတာမျိုး ပြောတာမဟုတ်ဘူး၊ ဘုရားလဲပဲ ဟို လိုအားကိုးရတာမဟုတ်ဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောထားတော်မူတဲ့ တရားအဆုံးအမတွေကို အားကိုးရမှာ၊ အဲဒီအဆုံးအမတွေကို ဘာလုပ်ရမှာတုံး၊ ကျင့်ရမှာ၊ တရားနဲ့ နေရမှာ။

ဘုရားဆုံးမတဲ့ အဆုံးအမက ဘာလဲ၊ ဟဲ့-ကိုယ့်ကြိုးကိုယ်မချည်နဲ့တဲ့၊ နားလည်လွယ်အောင် ပြောရရင် ဘုရားရှင်က နင်တို့ ငါ့ကို လူပုဂ္ဂိုလ်ကိုသာ အားကိုးလို့ကတော့ လူပုဂ္ဂိုလ်ဖြစ်တဲ့ ငါတို့ ပရိနိဗ္ဗာန်စံရင် နင်တို့တော့ ဒုက္ခရောက်မှာပေါ့တဲ့၊ အရေးကြီးတာ ဘာလဲ၊ အဆုံးအမတရားပါ။ တရားအားကိုးတဲ့။

အကြွင်ပုဂ္ဂိုလ်သည် တရားကို တကယ်မြင်၏၊ ထိုပုဂ္ဂိုလ်သည် တရားကို တကယ်မြင်တဲ့အတွက် ဒို့ကို တကယ်မြင်တယ်လို့ ခေါ်သည်တဲ့၊ တရားအားကိုးရင် ဒို့အားကိုးရာရောက်တယ်တဲ့၊ တကယ်တမ်းကျတော့ ဘာအားကိုးရမလဲ၊ တရား၊ တရားဆိုတာ ကနေ့ ဟောတဲ့စကားနဲ့ စပ်ပြောရင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြည်လို့ ပြောရင် တစ်ချို့ သိပ်ပြီး သဘောမကျ ဖြစ်တတ်ကြတယ်။ 'ကြီးဖြည်တဲ့' ဟုတ်လား။

ဒါပေမဲ့ ဒကာမကြီး ဒေါ်သန်းတင်ကိုတော့ ဦးပဥ္ဇင်းက ချီးကျူးပါတယ်။ အဲဒီလိုလေး 'သူ့အား ကိုးပြီး လာနေပါတယ်၊ သူက အရင် ပျံတော်မူပြီ' လို့သာ ပြောတာ။

ချက်ချင်းပဲ နောက်က ဆက်ပြီးတော့ 'အေး လေး သူ့ကံနဲ့သူ လာတာပဲလေ'တဲ့၊ 'သူပြောခဲ့တဲ့ ဟောခဲ့တဲ့ တရားတွေပဲ အားကိုးရတော့မှာပေါ့' တဲ့၊ အဲဒီလို ပြောတယ်။

အခု တရားနာတဲ့ သူတွေက ဘယ်သူ့အား ကိုးရမှာတုံး၊ (တရားအားကိုးရမှာပါဘုရား)၊ ဘယ် တော့တုံး၊ (ခု)၊ ဘယ်နားတုံး၊ ဓမ္မာရုံမှာ တရား ချိတ်ထားခဲ့မှာလား၊ ဘုရားရှင်ကိုယ်တော်မြတ် ကြီးရဲ့ တရားတော်တွေက တကယ်တန်ဖိုးကြီး ပါတယ်၊ နေတတ်ရင် တကယ်ချမ်းသာပါတယ်။

သားကို အားကိုးစရာလို့ ထင်ပြီး မျှော်ကိုး၊ သမီးကို အားကိုး စရာလို့ ထင်ပြီး မျှော်ကိုး၊ မိဘ

www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုး မောင်နှမတွေကို အားကိုးစရာလို့ ထင်ပြီး မျှော်ကိုးပြီး နေတဲ့ပုဂ္ဂိုလ်ဟာ အားကိုးစရာ ဖြစ်မလာရင် တကယ်ပူလောင်၍ သွားကြလေကုန်၏၊ တကယ် သောက ပရိဒေဝတွေ ရောက်၍ သွားကြလေကုန်၏၊ အလွန်ပြင်းပြစွာ ဒုက္ခခံစားကြရလေကုန်၏။

တေမတ္ထဝသံ ဥတွာ၊
ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊
ခိပ္ပမေဝ ဝိသောဓယေ။

ပဏ္ဍိတော-ကြောင်းကျိုးမြင်သိ ပညာရှိတဲ့ပုဂ္ဂိုလ်သည်၊ ပဏ္ဍိတော-တကယ့်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တရားအဆုံးအမကို လိုက်နာကျင့်ကြံ အားထုတ်တတ်တဲ့ အသိအနှစ် ပညာစစ်ရှိတဲ့ ပုဂ္ဂိုလ်သည်၊ တေမတ္ထံ-အဲဒီလို အကျိုးရှိတဲ့ အကြောင်းအကျိုး အဓိပ္ပါယ်ရှိတဲ့ အသိအနှစ်ကို၊ ဥတွာ-ပိုင်းခြား ထင်ထင် သိမြင်ပြီးသည်ဖြစ်၍၊ ဘယ်သူ့မှ အားကိုးလို့ မရဘူးဆိုတာ အရင်သိလိုက်ပြီး၍တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲသလို သိပြီးတော့မှ "ဟော့ . . . ကိုယ့်ကိုယ်ကို ကိုယ်တိုင် ကြိုးတွေ ချည်ထားတယ်၊ 'သူများကို အားကိုးမယ်' "ကိုယ့်ကို အားကိုးခံချင်တယ်' ဆိုတွေဟာ ကြိုးချည်ထားတာပါလား၊ တကယ်ပဲ ဆိုးပါလား၊ မကောင်းပါလား၊ နိဗ္ဗာန်မရောက်ပါလား၊ နိဗ္ဗာန်လမ်းတွေ ရှုပ်နေတာပါလား"လို့ သဘောပေါက်ရင်တဲ့၊ ပဏ္ဍိတော-ပညာရှိပုဂ္ဂိုလ်သည်၊ ဧတမတ္ထံ ဥ တွာ-အဲသလိုသိပြီး၍၊ သိပြီးဖြစ်သောကြောင့်၊ သီလသံဝုတော-ကိုယ့်တာဝန် ကိုယ်ကျေ ကိုယ် ကျင့်တဲ့ သီလကိုလုံခြုံလေတော့၏။

မိဘကလဲ မိဘတာဝန် ကျေသွားပြီးတဲ့၊ မိဘကလဲ မိဘတာဝန် ကျေတော့ သားသမီးကလဲ သားသမီး တာဝန်ကျေတဲ့၊ ခင်ပွန်းယောကျ်ားကလဲ ခင်ပွန်းယောကျ်ားတာဝန်ကျေတဲ့၊ ဇနီးမယားကလဲ ဇနီးမယား တာဝန်ကျေတဲ့၊ ဆရာကလဲ ဆရာ့တာဝန်ကျေတဲ့၊ တပည့်ကလဲ တပည့်တာဝန်ကျေတဲ့၊ ကိုယ့်တာဝန်ကိုယ်ကျေ၊ သီလသံဝုတော-သီလလုံခြုံပြီတဲ့ ဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



သူများကို အားကိုးပြီးတော့ အတင်းလုပ်ခိုင်းလို့၊ အတင်းပြောခိုင်းလို့၊ အတင်းကူညီခိုင်းလို့ ရတာ၊ (မဟုတ်ပါဘူးဘုရား)၊ မဟုတ်ဘူးတဲ့၊ တကယ်တမ်းသာ ကိုယ့်တာဝန် ကိုယ်ကျေရင် သူကလဲ သူ့တာဝန် သူကျေမှာပဲ၊ တစ်ချို့ ကိုယ်က တာဝန်ကျေပေမဲ့ သူက တာဝန်မကျေတာနဲ့ ဆုံခဲ့ရင်လဲ သူ့တာဝန် သူကျေတာ၊ မကျေတာက တစ်ပိုင်း၊ ကိုယ့်တာဝန်ကိုယ်ကျေရမှာက တစ်ပိုင်း၊ နားလည်စေချင်ပါတယ်၊ ကိုယ့်တာဝန် ကိုယ်ကျေရင် အကျိုးပေးကလဲ ကောင်းလာပြီပေါ့။

ဒါဖြင့် မိမိတို့ သေသေချာချာ စဉ်းစားကြည့်စမ်းပါ၊ တကယ်တမ်းကျတော့ လောကကြီးဟာ အားကိုးစရာ လူဆိုတာ (မရှိပါဘူးဘုရား)၊ အားကိုးစရာ ပစ္စည်းဝတ္ထု (မရှိပါဘုရား)၊ အားကိုးစရာအာရုံ (မရှိပါဘုရား)၊ အဲဒီလို ပြောတာကို တကယ်စဉ်းစားကြည့်၊ ပေါ့ပေါ့မလုပ်နဲ့၊ ဟုတ်လား။ သဘောပေါက် နားလည်လိုက်စမ်းပါ။

အခုဒီကျောင်း ရောက်လာပြီး ကျောင်းက နေ အိမ်ပြန်ရင် ဘယ်သူ့အားကိုးလို့ ပြန်မှာတုံး၊

www.burmeseclassic.com

www.burmeseclassic.com



သူများအားကိုးချင်လို့ ပြန်တာရယ်၊ ကိုယ်မရှိရင် မဖြစ်ဘူးလို့ အားကိုးခံချင်လို့ ပြန်တာရယ် နှစ်မျိုးပဲ ရှိတယ်၊ ဟုတ်လား၊ ဒါလေး အရေးကြီးတာနော်။

အမလေး - သောတာပန်ဖြစ်အောင် ဟိုလို ထိုင်ရမလား၊ ဒီလို ရပ်ရမလား၊ ဟိုလို အားထုတ်ရမလား၊ ဒီလို အားထုတ်ရမလားလို့ စိတ်ရှုပ်အောင် လုပ်မနေနဲ့၊ ဟုတ်လား၊ အမလေး-ငါ့သားလေး တော့လေ ဘယ်အရွယ် ဘယ်အရွယ်ဆိုရင် ဘယ်လိုဘယ်လိုတွေ ဖြစ်လာရင် ဒို့တော့ ဘယ်လို ဟော့ပေါ့။ ဒါတွေက သူတို့ သိပါတယ်အကုန်လုံး၊ အဲဒါမျိုးတွေ လုပ်မနေနဲ့တော့။

ကြားဖူးလား၊ သဲထဲ. . . ရေသွန်၊ ဘာတဲ့ တုံး၊ (သဲထဲရေသွန်ပါဘုရား) ဘာမှကို မကျန် တော့ဘူး၊ ဘာမှကို မကျန်တော့တာတွေ တစ်ပုံကြီး၊ လောကကြီးထဲမှာ ကိုယ်နေခဲ့တာတွေ၊ နေခဲ့ တဲ့အချိန်တွေဟာ သဲထဲရေသွန် ဆိုသလို ဖြစ်ကုန် သလား၊ ပြန်ကြည့်ပါ၊ သေသေချာချာ စဉ်းစား ကြည့်၊ မိဘဘက်ကလဲ မိဘတာဝန်ကျေ၊ သား သမီးဘက်ကလဲ သားသမီးတာဝန်ကျေ၊ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကလဲ ဆရာ့တာဝန်ကျေ၊ တပည့်ကလဲ တပည့် တာဝန်ကျေရင် လောကကြီး မကောင်းဘူးလား၊ ကောင်းလား။ (ကောင်းပါတယ်ဘုရား)။

အားကိုးတာနဲ့ တာဝန်ကျေတာနဲ့ မဆိုင်ဘူး၊ ကိုယ်လုပ်သင့်တာ ကိုယ်လုပ်ပေး၊ ကိုယ့်ကံက ကိုယ် မှန်ရင် ကိုယ့်ကံက ကိုယ်ကောင်းရင် ကိုယ့်အကျိုး ပေးလဲ မှန်လာလိမ့်မယ်၊ ကိုယ့်အကျိုးပေးတာ တွေလဲ ကောင်းလာလိမ့်မယ်။ ကံ, ကံရဲ့အကျိုးကို ယုံကြည်တဲ့ပုဂ္ဂိုလ်က ကိုယ့် တာဝန်ကိုယ်ကျေတယ်၊ အလွန့်အလွန်ကိုပဲ တာဝန်ကျေပါတယ်။ သူများကို မျက်နှာလို မျက်နှာရ လေပြေကလေးနဲ့ အောက် ကျို့ပြီးတော့ အားမကိုးဘူးတဲ့၊ အားမကိုးတော့ ဘူးတဲ့။

အောက်ကျို့အားကိုးချင်လား၊ အပေါ်စီးက အားကိုးချင်လား၊ (ဘာနဲ့မှ အားမကိုးချင်ပါဘူး ဘုရား)။ ပြောသာပြောတာပါ၊ တကယ်တမ်းက တော့ အိမ်ကျတော့ တစ်မျိုး၊ ဘုန်းကြီးကျောင်း ကျတော့ တစ်မျိုး၊ အိမ်မှာကျတော့ 'ဟဲ့ သမီးရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဟဲ့ သားရဲ့၊ ဟဲ့-သမီး နင်မရှိရင် မဖြစ်ဘူး၊ ဒါလေးက နင်ကမှ လုပ်တတ်၊ ကိုင်တတ်တာ။'

ဟဲ့-သားရဲ့၊ အမလေး . . . သနားစရာ ကောင်းလိုက်တာ မရှိချင်လဲ၊ မျက်နှာချိုသွေးပြီး ဟန်လုပ်ရ၊ အားကိုးနေရတယ်။ ပင်ပန်းလိုက်တာ၊ အဲဒီလိုပင်ပန်းတဲ့ ဒုက္ခတွေ စရလာတာဟာ အဲဒါတွေကြောင့်ပေါ့၊ အားကိုးချင်လို့ အားကိုးခံ ချင်လို့။ သူများကို အားကိုးချင်စိတ်ပေါ်နေရင် နိဗ္ဗာန်မရဘူး၊ ကိုယ်ကလဲ အားကိုးခံချင် နေရင် နိဗ္ဗာန်မရဘူး။

ဒါကြောင့်မို့ ပြောဝံ့ပါတယ်၊ ဦးပဥ္ဇင်းတို့ ကို အားကိုးပြီးတော့ အားကိုးမယ် ဆိုပြီး ဘယ်သူတွေ ကမှ လာလာပြီး အဲဒီစိတ်ဓာတ်မမွေးနဲ့၊ ဦးပဥ္ဇင်း တို့လဲ ဘယ်အချိန် သေမယ်လို့ မပြောနိုင်ဘူး၊ ဟုတ်တယ် မဟုတ်လား၊ တရားကလွဲပြီး ဘာမှလဲ မပေးနိုင်ဘူး၊ တရားလေးပဲ ပေးနိုင်တာ။ ပါးစပ် လေးလှုပ်ပြီး ဟောနိုင်ပေးနိုင်တာပဲ ရှိတယ်။ ကြိုက်ယူ မကြိုက်လဲနေ၊ ဟုတ်လား၊ 'ဦးပဥ္ဇင်းတို့ကို အားကိုးမယ်ဟော့၊ ဘယ်သူ့ကိုတော့ အားကိုးမယ်

www.burmeseclassic.com



ဟော့' လို့ ဘယ်တော့မှ မလုပ်ပါနဲ့၊ အဲဒီစိတ်တွေ မမွေးပါနဲ့၊ နိဗ္ဗာန်ရောက်ဖို့ပေါ့။

ဦးပဥ္စင်းတို့ ဘယ်သူ့ရဲ့ အားကိုးခံရတယ်ဆိုတာ ခေါင်းထဲကို မရှိလိုဘူး၊ မထားနိုင်ပါဘူး၊ ရှုပ်ကရှုပ်နဲ့ ဟုတ်တယ် မဟုတ်လား၊ ဟာ- ငါဘယ်သူတော့ အားကိုးမယ်ဟော့၊ ဘယ်သူ့တော့ ဘာလေး ပြောလိုက်မယ်ဟော့၊ ဘယ်သူကိုတော့ ဘာ, ဘာလို့ စိတ်ထဲမှာ ထည့်နေမှာတုံး၊ ပြောစမ်းပါအုံး၊ ကိုင်း-ဟုတ်လား။

အားကိုးရှာတဲ့သူရယ်၊ မရှာတဲ့သူရယ် ဘယ်သူကမိုက်၊ (ရှာတဲ့သူက မိုက်ပါတယ်ဘုရား)။ ဟုတ်ရဲ့လား၊ သေချာလား၊ (သေချာပါတယ်ဘုရား)၊ သေချာသိလို့ ပြောတာလား၊ (မှန်လှပါဘုရား)။

သူတို့က အားကိုးရှာလို့ ပြီးနေတာ ကြာလှပြီ၊ အရင်က ရှာခဲ့ မိုက်ခဲ့ပြီး အခုတော့ ဒီစကားကို ပြောပြီပေါ့၊ အားကိုးရှာရင် မိုက်တယ်ဆိုတာ ဟုတ် မဟုတ် တကယ်တွက်ကြည့်နော်။

www.burmeseclassic.com

www.burmeseclassic.com



အားကိုးစရာ ရှာတဲ့သူက ကိုယ့်ဟာကို ရပ်နိုင်လို့လား၊ မရပ်နိုင်လို့လား၊ (မရပ်နိုင်လို့ပါဘုရား)၊ ကိုယ့်ဟာကို မရပ်နိုင်သူတွေ အားကိုးရှာတယ်ဆိုတာ သဘောပေါက်လား မသိဘူး၊ (ပေါက်ပါတယ်ဘုရား)။

ကိုယ့်ဟာကိုယ် မရပ်နိုင်တဲ့သူတွေက သူများကို အားကိုးတတ်ကြလေကုန်၏၊ ကိုယ့်ကိုယ်ကိုမရပ်နိုင်တဲ့သူတွေက တောင်ဝှေးကို အားကိုးကြလေကုန်၏၊ တစ်ခါတလေ တောင်ဝှေးကို ထောက်လိုက်မှ တောင်ဝှေးကျိုးပြီး လဲလို့ ခြေထောက်ကျိုးတာတွေ တစ်ပုံကြီး။

ကိုယ့်ကိုယ်ကို မရပ်နိုင်တဲ့ပုဂ္ဂိုလ်က၊ ကိုယ့်ကိုယ်ကို အားမကိုးနိုင်တဲ့ပုဂ္ဂိုလ်က တောင်ဝှေးကို ဆွဲပြီး တဒေါက်ဒေါက်နဲ့ လမ်းလျှောက်ကြလေကုန်၏၊ ကိုယ့်ကိုယ်ကို အားမကိုးနိုင်တဲ့ပုဂ္ဂိုလ်က ကြိုးတန်းကို ဆွဲပြီးတော့၊ ကိုယ့်ကိုယ်ကို အားမကိုးနိုင်၊ မျက်စိမမြင်တဲ့ပုဂ္ဂိုလ်က မျက်စိနှစ်လုံးကွယ်နေတဲ့ပုဂ္ဂိုလ်က ကြိုးတန်းကို ဆွဲပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



လိုရာကို သွားကြလေကုန်၏၊ သဘောပေါက်လား မသိဘူး။ (ပေါက်ပါတယ်ဘုရား)။

မိမိတို့ဘာသာ ကြီးတန်းလဲ မလိုဘူး၊ တောင်ဝှေးလဲ မလိုဘူး ဆိုရင် ကိုယ်ကိုယ်တိုင် မရပ်နိုင်ဘူးလား၊ ရပ်နိုင်လား၊ (ရပ်နိုင်ပါတယ်ဘုရား)၊ ကိုယ့်ဟာကိုယ် အားရှိတဲ့သူက ကိုယ့်အားကိုယ်ကိုးနိုင်တဲ့ သူက ဘယ်တောင်ဝှေးမှလဲ မဆွဲဘူး၊ ဘယ်ကြိုးမှလဲ မယူဘူး၊ လက်ကတုံး တောင်ဝှေးလို့ ပြောပြောနေကြတာ ကိုယ့်ကိုယ်ကို အားမကိုးနိုင်လို့ ဟုတ်လား။ (ဟုတ်ပါတယ်ဘုရား)။

ဧတမတ္ထဝသံ ဉတွာ၊
ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊
ခိပ္ပမေဝ ဝိသောဓယေ။

ပဏ္ဍိတော-ပညာရှိတဲ့ပုဂ္ဂိုလ်သည်၊ သီလ-သံဝုတော-သီလကို လုံလုံခြုံခြုံ ဆောက်စည်းနိုင်သည် ဖြစ်၍၊

www.burmeseclassic.com

www.burmeseclassic.com



ပညာရှိတဲ့ပုဂ္ဂိုလ်သည် ကိုယ့်တာဝန် ကိုယ်ကျေ၊ မိဘပညာရှိ မိဘတာဝန်ကျေ၊ သားသမီးပညာရှိ သားသမီးတာဝန်ကျေ၊ ခင်ပွန်းယောကျ်ားပညာရှိ ခင်ပွန်းယောကျ်ား တာဝန်ကျေ၊ ဇနီးမယားပညာရှိ ဇနီးမယားတာဝန်ကျေ၊ ခင်ပွန်းယောကျ်ားဖြစ်သူက စီးပွားရှာ ငွေရ အပ်ပေ့၊ လခရရင်လဲ လခအပ်ပေ့၊ ဒါလဲပဲ တာဝန်ကျေတယ် ခေါ်တယ်၊ ဇနီးမယားကလဲ ချက်ပြုတ်ကျွေးပေ့၊ ကိုယ့်တာဝန် ကိုယ်ကျေရင် မကောင်းဘူးလား၊ ကောင်းလား၊ (ကောင်းပါတယ်ဘုရား)။

စောစောက ဘယ်သူ့မှ အားမကိုးနဲ့ဆိုတော့ လခလဲ မပေးဘူးဟေ့၊ ချက်လဲ မကျွေးဘူးဆိုတော့ လင်မယားတွေ ထသတ်ရုံရှိတော့မပေ့၊ ကိုယ်လုပ်ရမဲ့အလုပ်၊ ကိုယ့်တာဝန်တော့ ကိုယ်ဘာဖြစ်ရမှာလဲ၊ (ကျေရမှာပါဘုရား)။

ပဏ္ဍိတော-ပညာရှိတဲ့ ပုဂ္ဂိုလ်သည်၊ သီလသံဝုတော-သီလကို လုံခြုံစွာ စောင့်ထိန်းသည်ဖြစ်၍၊ ကိုယ့်တာဝန်ကိုယ်ကျေသည်ဖြစ်၍၊ နိဗ္ဗာနဂမနံ မဂ္ဂံ-နိဗ္ဗာန်ကို သွားရာလမ်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့လမ်းကို၊ ခိပ္ပမေဝ-လျင်မြန်စွာလျှင်၊ ခုချက်ချင်း၊ ဝိသောဓယေ-ရှင်းလိုက်စမ်းပါ။

သုတ်သင်လိုက်စမ်းပါ၊ ကိုယ့်လမ်းကို ကိုယ်ရှင်းပါ။ ကိုယ့်လမ်းကို ကိုယ် (ရှင်းရမှာပါဘုရား)၊ နိဗ္ဗာန်လမ်းလေး ရှင်းစေချင်လို့ ပြောတာပါ။

ကိုယ့်လမ်းကိုယ်ရှင်းဆိုတော့ လမ်းမှာဘာတွေ ရှုပ်လို့လဲ၊ လမ်း ကရှုပ်ပြီးသား၊ ကိုယ့်ကံဟာ ကိုယ်နိဗ္ဗာန်သွားတဲ့လမ်း၊ ကိုယ့်ဉာဏ်ဟာ ကိုယ်နိဗ္ဗာန်သွားတဲ့လမ်း၊ ကိုယ့်ဝီရိယဟာ ကိုယ်နိဗ္ဗာန်သွားတဲ့လမ်းတဲ့၊ ကိုယ့်ကံ, ကိုယ့်ဉာဏ်, ကိုယ့်ဝီရိယတွေဟာ ကိုယ့်အတွက် နိဗ္ဗာန်ကို သွားတဲ့လမ်း။

ကိုယ့်ကံကို ကိုယ်ကောင်းအောင် ရှင်းရမယ်၊ ကိုယ့်ဉာဏ်ကို ကိုယ်ကောင်းအောင် ရှင်းရမယ်၊ ကိုယ့်ဝီရိယကို ကိုယ်ကောင်းအောင် ရှင်းရမယ်တဲ့၊ သဘောပေါက်လား မသိဘူး၊ ကိုယ့်ကံ ကိုယ့်ဉာဏ် ကိုယ့်ဝီရိယ ကိုယ့်ပါရမီ ကိုယ့်ကုသိုလ်ကောင်းမှု အစုစုသည် နိဗ္ဗာန်ကို သွားရာ ကိုယ်ထွင်ခဲ့တဲ့လမ်း။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကံ ဉာဏ် ဝီရိယ ဆိုတဲ့ အဲဒီကိုယ့်ရဲ့ လမ်းတွေ၊ နိဗ္ဗာန်သွားတဲ့လမ်းတွေကို ကိုယ်က ဂရုမစိုက်တော့၊ တောတွေကလဲထ၊ မြက်တွေကလဲ ပေါက်၊ အမှိုက်သရိုက်တွေကလဲ ကျ၊ သစ်ပင်ခြုံနွယ်တွေကလဲ ပိတ်။ အဲဒါတွေ ဘယ်လိုလုပ်မှာတုံး။ ရှင်း၊ ဒါပဲ ပြောချင်ပါတယ်။

'အရှင်ဘုရားတဲ့၊ သူများ ပြောရင်ပြော'တဲ့၊ တပည့်တော်တို့ကတော့ သားလေးတစ်ယောက်တည်းရှိတော့ အားမကိုးဘဲ မနေနိုင်ဘူးတဲ့၊ အားမကိုးချင်ဘူးလား၊ အားကိုးချင်လား၊ (အားကိုးချင်ပါတယ်ဘုရား)။ သားအားကိုးချင်လား၊ နိဗ္ဗာန်အားကိုးချင်လား၊ 'အမလေး နိဗ္ဗာန်မြင်မှ မမြင်ရဘဲ တပည့်တော်တို့က သားပဲ အားကိုးမှာပဲ'တဲ့၊ အံ့ရော၊ အံ့ရော။

ပေါ့ပေါ့တန်တန် မတွက်ပါနဲ့၊ ပဋ္ဌာစာရီ အဲဒီတရားနဲ့ သောတာပန်ဖြစ်တာ၊ နိဗ္ဗာန်လမ်းရှင်းသွားပြီတဲ့၊ အရှင်ဘုရား တပည့်တော် ဘယ်သူ့မှ အားမကိုးဘူးတဲ့၊ ဘာလို့ အားမကိုးတာတုံး၊ ပထမက ဘယ်သူမှ မရှိကြတော့လို့ အားကိုးမရတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက်၊ နောက်ကျတော့ အသက်သေမှသာ အားကိုးလို့ မရတာမဟုတ်ဘူး၊ 'အသက်ရှင်တုန်းမှာလဲပဲ အားကိုးမရတာတွေပါလားဆိုတာ စိတ်ထဲမှာ သိလာပါတယ်၊ ဒါကြောင့် ဒါဘုရား'တဲ့။

အခု ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောနေတုန်း၊ သူ့ဆွေမျိုး သားချင်း အကုန်လုံး မိဘ သားသမီးတွေ အကုန်လုံး ဘာဖြစ်သွားလဲ၊ သေသွားပြီတဲ့၊ သေပြီးလို့ အားကိုးမရသလို တကယ် ဉာဏ်နဲ့ စဉ်းစားသိလိုက်တော့ ရှင်တုန်းလဲ အားကိုးလို့ မရဘူးတဲ့။ ဒါဖြင့် သူတင်လားဆိုတော့၊ မကပါဘူး၊ တစ်လောကလုံး ကြည့်လိုက်တော့လဲ ဘယ်သူမှ အားကိုးလို့ မရဘူး။ ဩော်-အဲဒီကျမှ 'ဟုတ်တယ်ဘုရား၊ ဟုတ်တယ် ဘုရား' ဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပြောတယ်။

"ကိုယ်ကလဲ သူများ အားမကိုးနဲ့၊ သူများ အားကိုးလဲ ကိုယ်က မခံချင်နဲ့"တဲ့။ ခက်တော့လဲ ခက်သားနော်၊ ကိုယ်က သူများအားမကိုးဘဲ နေနိုင်တယ်၊ ကိုယ့်အားကိုးရင်တော့ ခံချင်တယ်၊ ကျေနပ်တယ် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



အမလေး အဖွားရဲ့၊ အမလေး အမေရဲ့၊ အဖေရဲ့၊ တွတ်တီး တွတ်တာလာပြောရင် ကျေနပ်လို့၊ အဲဒါနဲ့ပဲ နိဗ္ဗာန်နဲ့ဝေးသွားတာပဲ၊ အဲဒါနဲ့ပဲ နိဗ္ဗာန်မရောက်တာ၊ သဘောပေါက်လား၊ (ပေါက်ပါတယ်ဘုရား)၊ နိဗ္ဗာန်ဘာလို့ဝေးတာ သိသလား၊ (သိပါပြီဘုရား)။

ကိုယ်အားကို အားကိုးဖို့ အားကိုးစရာ အင်အား မရှိတဲ့သူတွေက ကိုယ်ကိုယ်တိုင် မရပ်တည်နိုင်တဲ့သူတွေက သူများကို အားကိုးကြရလေကုန်၏၊ ကိုယ်ကိုယ်တိုင် လမ်းမလျှောက်နိုင်တဲ့ ပုဂ္ဂိုလ်တွေက တောင်ဝှေးအားကိုးကြလေကုန်၏၊ ကိုယ့်ကိုယ်တိုင် မမြင်၊ စမ်းတဝါး သွားကြရတဲ့ ပုဂ္ဂိုလ်တွေက ကြိုးတန်းအားကိုးကြလေကုန်၏။

ဇဝ် တထာ-ထိုနည်းအတူသာလျှင် ကိုယ့်စိတ်ကလေးက အင်အားနည်းသည် ဆိုလျှင်၊ ကိုယ့်စိတ်ကလေးမှာ သတိ ဝီရိယ ဉာဏ်အားတွေ နည်းသည်ဆိုလျှင်၊ စိတ်ချမ်းသာ စိတ်ကောင်းဖြစ်ဖို့အတွက်။ အာရုံချမ်းသာ အာရုံကောင်းကို

www.burmeseclassic.com

www.burmeseclassic.com



အားကိုးကြလေကုန်၏၊ အာရုံကို အလုပ်တစ်ခု ပြု၍ လိုက်ရှာပြီး လှမ်းဆွဲကြလေကုန်၏။

မိမိစိတ်မှာ သတိ ဝီရိယ ဉာဏ် အားနည်းနေတယ်ဆိုရင် အာရုံကိုပဲ အားကိုးနေတတ်တယ်၊ အာရုံ ဆိုတာ တောင်ဝှေးနဲ့တူတယ်၊ အာရုံဆိုတာ ကြိုးတန်းနဲ့တူတယ်တဲ့၊ ဘာလေး ဖြစ်ဖြစ် အာရုံ ကောင်းနေရင် စိတ်ကလေးကောင်းလို့၊ ချမ်းသာလို့၊ ဘာပဲပြောပြော ကျောင်းရောက်လာတော့ ကုသိုလ်စိတ်လေး မဖြစ်ဘူးလား၊ (ဖြစ်ပါတယ် ဘုရား)၊ အာရုံအေးဆေးလို့ အာရုံကောင်းလို့ ကုသိုလ်ဖြစ်အောင် နေနိုင်တာမျိုး။ (ဟုတ်ပါတယ် ဘုရား)။

ကိုယ်ကိုယ်တိုင် ကိုယ့်စိတ်က ကုသိုလ်စိတ် ဖြစ်အောင် မနေတတ်ရင် အာရုံကောင်းကို လှမ်းဆွဲတာ၊ သဘာဝပါပဲ။ ကိုယ့်စိတ် ကလေးက သတိ ဝီရိယ ဉာဏ်နဲ့ ပစ်တိုင်းထောင်လို မနေ တတ်သေးရင် အာရုံကို ဘာလုပ်လဲ၊ (လှမ်းဆွဲတာ ပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကို အာရုံပြုတယ်၊ တရားကို အာရုံပြုတယ်၊ သံဃာတော်တွေ အာရုံပြုတယ်၊ လှူဖွယ်ဝတ္ထုတွေ အာရုံပြုတယ်၊ အလှူခံပုဂ္ဂိုလ်တွေ အာရုံပြုတယ်၊ ဒါက ကုသိုလ်စိတ် ဖြစ်စေတယ်၊ ကုသိုလ်ဖြစ်စရာ အာရုံတွေကို လှမ်းဆွဲတာ ကောင်းပါတယ်၊ အားကိုးတာပေါ့။

တကယ်လို့သာ ကိုယ့်စိတ်ကလေးက သတိ ဝီရိယ ဉာဏ်တွေ အားကောင်းနေရင် ဘယ်အာရုံလေးပေါ်ပေါ် ဘယ်အာရုံနဲ့ ဆုံဆုံ ဘာဖြစ်နေလဲ၊ ကုသိုလ်စိတ်ဖြစ်နေတာပေါ့။

အို-သူတော်ကောင်းတို့၊ ပုဂ္ဂိုလ်အနေနဲ့ကလည်း ကိုယ်ကိုယ်တိုင် အားမပြည့်သည်ရှိသော် တခြားပုဂ္ဂိုလ်တွေကို အားကိုးကြလေကုန်၏၊ ထိုနည်းအတူသာလျှင်၊ မိမိစိတ် ကလေးမှာ သတိ ဝီရိယ ဉာဏ် အားနည်းတဲ့ ပုဂ္ဂိုလ်တွေက အာရုံတွေကိုသာ အဓိကထား အားကိုးကြလေကုန်၏၊ အာရုံတွေကိုသာ အဓိကထား လှမ်းဆွဲလှမ်းဆွဲချင်ကြလေကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



အာရုံကောင်းမှ စိတ်ကောင်းရှိသာ နေတတ်ကြလေကုန်၏၊ အာရုံကောင်းကောင်း, မကောင်းကောင်း, စိတ်ကောင်းအောင် နေတတ်ဖို့က အရေးကြီးတာကို မသိကြသေးပါ။

သတိ ဝီရိယ ဉာဏ်အားတွေ မိမိစိတ်မှာ အားပြည့်နေသည်ရှိသော် အာရုံကောင်းနှင့် ဆုံဆုံ၊ အာရုံမကောင်းနှင့်ဆုံဆုံ၊ စိတ်ကောင်းအဖြစ်နဲ့သာ တည်နေနိုင်ကြကုန်၏။ အာရုံကိုသာ အဓိက အားကိုးပြီး နေရတာမျိုးမဟုတ်ပါပေ။

အာရုံဆိုတာ တကယ်တမ်း ဉာဏ်နဲ့ကြည့်လိုက်တော့ ရုပ်အာရုံပဲ ဖြစ်ဖြစ်၊ နာမ်အာရုံပဲ ဖြစ်ဖြစ်၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ ဘယ်အာရုံပဲဖြစ်ဖြစ်၊ ဖြစ်ပြီးတော့ ဘာဆက်ဖြစ်သေး၊ (ပျက်သွားပါတယ်ဘုရား)၊ ပျက်သွားတယ်၊ အားကိုးခံသလား၊ (အားကိုး မခံပါဘုရား)။

ဒါပေမဲ့ လူတွေက ထင်နေကြတယ်၊ ဒီအာရုံလေး ရှိရင်တော့ ဟုတ်လောက်ရဲ့၊ ဒီအာရုံလေး

www.burmeseclassic.com

www.burmeseclassic.com



ဆိုကောင်းလောက်ရဲ့၊ ဘယ်အာရုံလေး ဆိုဖြစ်လောက်ရဲ့။ ဟိုအာရုံက ကောင်းလောက်ရဲ့၊ ဟိုဟို၊ ဒီဒီအာရုံတွေကို အားကိုးလို့ ရလောက်ရဲ့ ဆိုပြီး ထင်နေကြတာ။ လိုက်ပြီးတောလဲ အားကိုးနေကြတာပါပဲ။

အခု ကုသိုလ်ကောင်းမှု ပြုနေကြတာကိုပဲ ကြည့်လေ။ ကုသိုလ်ဖြစ်ပါတယ်၊ အလှူရှင်ရဲ့ အင်္ဂါ၊ အလှူခံပုဂ္ဂိုလ်ရဲ့ အင်္ဂါတွေ ပြည့်စုံတဲ့အပေါ် မူတည်ပြီး အလှူဒါနပြည့်စုံ၊ လောကီကောင်းကျိုး အလုံးစုံ ပြည့်စုံတာပေါ့။ အကျိုးလည်း ပြည့်စုံနိုင်ပါတယ်။

ဒီအကျိုးတွေသာ မကဘဲ နိဗ္ဗာန်အကျိုးထိ ရယူလိုတဲ့ ဆန္ဒရှိရင် အသိဉာဏ်နဲ့ သတိထား ကြည့်လိုက်စမ်းပါ။

စောစောက ဆွမ်းလှူနေတယ်၊ ဆွမ်းလှူတော့ ဆွမ်းဟင်းတွေ ဘာတွေက သန့်သန့်ပြန့်ပြန့် အရသာရှိရှိနဲ့ မကောင်းဘူးလား၊ ကောင်းလား၊ (ကောင်းပါတယ်ဘုရား) ကောင်းတဲ့အာရုံ ခုရှိသေးလား၊ (မရှိတော့ပါဘူးဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ပြောမှပါ၊ အစကတော့ ဘာမှ မမှတ်မိပါဘူး၊ သိလဲ မသိဘူး၊ ဟိုအာရုံပဲပြေးကြည့်၊ ဒီအာရုံကိုပဲ ပြေးကြည့် စိတ်ကောင်လေး ဖြစ်အောင် ကောင်းတယ် ဆိုတာ အာရုံတွေကို အမိအရ ဖမ်းဆွဲနေရတာပါ။ အားကိုးတဲ့အာရုံဆိုတာတွေကလဲ တကယ်တမ်းကျတော့ ကြည့်ရင်း မြင်ရင်း မရှိတော့ဘူးတဲ့။

အဲဒီသဘော တရားတွေကိုသာ အမှန်အတိုင်း ဉာဏ်နဲ့သိမြင်နိုင်ပြီဆိုရင် ပုဂ္ဂိုလ် သတ္တဝါ အားကိုးစရာမရှိ၊ ဝတ္ထုပစ္စည်း အားကိုးစရာ မရှိ၊ လောကီအာရုံ မှန်သမျှ အားကိုးစရာ မရှိလို့ သိလာပါတယ်။

ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်၊ အားကိုးခံနိုင်တဲ့ သတ္တိမရှိတာ။ ဝတ္ထုပစ္စည်း ရှိတယ်၊ အားကိုးခံနိုင်တဲ့ သတ္တိ မရှိတာ။ အာရုံဆိုတာ စိတ်ဖြစ်တိုင်း ရှိတာပါပဲ၊ အာရုံရှိတယ်၊ အားကိုးခံနိုင်တဲ့ သတ္တိ မရှိတာ။

ပုဂ္ဂိုလ် သတ္တဝါ၊ ဝတ္ထုပစ္စည်း၊ အာရုံတွေ ရှိတယ်၊ သမုတိသစ္စာ၊ ပရမတ္ထသစ္စာ အမှန်တရားတွေပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါအပြင် အားကိုးချင်တိုင်း အားကိုးလို့ မရ၊ အားကိုးခံနိုင်တဲ့ သတ္တိမရှိဘူး ဆိုတာကိုတော့ အသိဉာဏ်ရင့်သန်မှ မြင်နိုင်ပါတယ်။

ဒီတရားဟောလို့ အပြီးမှာပဲ အသိဉာဏ်ရင့်သန်တဲ့ ပဋာစာရီ အမျိုးသမီးဟာ သောတာပန်ဖြစ်သွားပါတယ်။

ပဋာစာရီက သောတာပန် ဖြစ်ပြီးတော့ ထေရီမကြီးဝတ်၊ တစ်နေ့မှာ ခြေဆေးတော့ ရေခွက်ကလေးတစ်ဖလား ခပ်လိုက်၊ ရေလောင်းချလိုက်ပြီး ချေဆေးတာပေါ့၊ ပထမလောင်းချလိုက်တဲ့ ရေလေးတွေက အို-မြေကြီးက အစိုဓာတ်နည်းနေတော့ မြေကြီးထဲ စိမ့်ဝင်သွား၊ တစ်ထွာလောက်၊ ခြေထောက်ရဲ့ တစ်ထွာလောက် ပတ်လည်အတွင်း စိမ့်ဝင်သွားတယ်။ နောက်တစ်ခါ တစ်ခွက်လောင်းချလိုက်တော့ အဲဒီစိုနေတဲ့နေရာ အစိမ့်နည်းပြီး ဘေးနည်းနည်း ပြန့်သွား၊ နောက်တစ်ထွာ ပတ်လည်၊ နောက်တစ်ခွက် ထပ်လောင်းလိုက်တော့ သုံးခွက်ပေါ့၊ စိမ့်တဲ့နေရာက နည်းနည်း ပိုကျယ်သွားတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဩော်-ကြည့်စမ်း၊ ပထမတစ်ခွက်က ပထမတစ်ခွက် တန်ရာလောက်ပဲ ရေတွေ စိမ့်ဝင် မြေကြီးရေစို၊ ဒီရေတွေ စိမ့်ဝင် ပျောက်သွားကြလေကုန်၏၊ ဒုတိယတစ်ခွက်ကလဲ ဒုတိယတစ်ခွက်နိုင်သလောက် အကျယ်အဝန်း ရောက်၍ စိမ့်ဝင် ပျောက်သွားကြလေကုန်၏၊ တတိယ တစ်ခွက်ကလဲ တတိယတစ်ခွက်နိုင်သလောက် အကျယ်အဝန်း ရောက်၍ စိမ့်ဝင် ပျောက်သွားကြကုန်လေ၏။

အို-သူတော်ကောင်းတို့ မိမိတို့ ကံရေခွက်ကို ပြန်ကြည့်လိုက်ကြပါကုန်လော့။ ကံရေခွက် ပထမရေခွက်သည် ပထမအရွယ် အကျိုးပေးပြီးတော့သေဆုံးကြလေကုန်၏၊

အရွယ် အရွယ်အားလျော်စွာ အကျိုးပေးကြလို့ ပြီးတော့လည်း ပျောက်သွား၊ အခါအားလျော်စွာ၊ အချိန်အားလျော်စွာ ကံတွေက အကျိုးပေးလို့ ဉာဏ်တွေက အကျိုးပေးလို့ ဝီရိယတွေက အကျိုးပေးလို့ အကျိုးပေးပြီးတော့လည်း အကျိုးပေးတွေလည်း ဖြစ်ပေါ် ပျောက်ပျက်ကုန်ကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကံ ဉာဏ် ဝီရိယတွေလည်း ဖြစ်ပေါ် ပျောက်ပျက်ကုန်ကြတယ်။ သဘောပေါက် နားလည်နိုင်စေတဲ့ သတ္တိတွေကို ချန်ထားပြီး အားလုံး ပျောက်ပျက်သွားကြကုန်၏။

ကြည့်စမ်းပါဦး၊ ကံ ဉာဏ် ဝီရိယတွေ, ဒီကံ ဉာဏ် ဝီရိယတွေနဲ့ အကျိုးရချက်တွေဟာ အကြောင်းအကျိုး ဆက်စပ်ပြီး ဖြစ်ပေါ်လိုက် ပျောက်ပျက်ချုပ်ငြိမ်းသွားလိုက်ပါလား။

အကြောင်းရုပ်နာမ်တွေ၊ အကျိုးရုပ်နာမ် တွေဟာလည်း ဒီသဘောအတိုင်းပါပဲလား။

အကြောင်းအကျိုး ရုပ်နာမ်ဓမ္မတွေသာမက အမိ အဖ သား သမီး ဇနီးမယား ခင်ပွန်း ယောကျ်ား ဆွေမျိုးသားချင်းလို့ သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ် သတ္တဝါတွေလည်း ဒီလိုပါပဲ။

ကြောင်းကျိုးဆက်စပ်ပြီး သံသရာလည်နေကြတာပါလား၊ မွေးလိုက် အိုလိုက် နာလိုက် သေလိုက်၊ မသေချင် ပြန်မွေးလိုက်။

www.burmeseclassic.com

www.burmeseclassic.com



သံသရာတစ်ပါတ်ပြီး တစ်ပါတ်၊ ပတ်လိုက် လည်လိုက် ဖြစ်နေတာပါလားလို့ နားလည်စေနိုင် ပါတယ်။

'ဒီရုပ် ဒီနာမ် ဒီပရမတ်တွေကလဲ ဖြစ်ပြီး ပျက်၊ ပေါ်ပြီးပျောက်၊ ထင်ရှားပြီ ချုပ်နေကြပါ လား၊ အကြောင်းသတ္တိကြောင့် အကျိုးသတ္တိတွေ ဆက်ဖြစ်နေကြပါကလား'လို့ သိလာနိုင်ပါတယ်။

ဒါက, အခုတရားနားတဲ့ ပရိသတ်တွေကို နိဗ္ဗာန်လမ်းလေး ရှင်းစေချင်လို့ ဟောပြ၊ ပြောပြ ပေးတာပါ။

ပဋာစာရီထေရီမကြီးကတော့ သောတာပန် ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်မြတ်ကြီးဆိုတော့ ခြေဆေးနေတဲ့ အခိုက်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟော ပေးတဲ့ တရားကို နာကြားရပြီးတော့ သောတာပန် ကနေ သကဒါဂါမ်၊ အနာဂါမ်၊ တစ်ဆင့်တစ်ဆင့် တက်ပြီး ချက်ချင်းဆိုသလို ရဟန္တာမကြီး ဖြစ်သွား ပါတယ်။

ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ။

www.burmeseclassic.com

www.burmeseclassic.com



ကောဟံ ဇီဝိတံ သေယျော၊
ပဿတော ဥဒယဗ္ဗယံ။

'အသက်တစ်ရာရှည် နေရပေမဲ့ ဖြစ်ခြင်းပျက်ခြင်းသဘောကို မသိမမြင်သူထက် ဖြစ်ခြင်းပျက်ခြင်းသဘောကို သိပြီး တစ်နေ့ တစ်ရက် တစ်နံနက်မျှ အသက်ရှင်နေရသူရဲ့ အသက်ရှင်နေမှုက ပိုပြီး မြင့်မြတ်ပါတယ်'လို့ ဟောတော်မူပါတယ်။

BURMESE CLASSIC

ဒီတရားကို နာကြရ၊ ဒီတရားသံကို ကြားရုံသာမကပဲ တရားရဲ့ သဘောအဓိပ္ပါယ်တွေကိုပါ ကြားနိုင်သဘောပေါက်နိုင်တဲ့ ကံအား၊ ဉာဏ်အား၊ ဝီရိယအားလျော်စွာ ပဋ္ဌာစာရီ ထေရီမကြီးက ရဟန္တာ ဖြစ်သွားတယ်လို့ ပြောရမှာပါပဲ။

နိဗ္ဗာန်လမ်း ရှင်းသွားတယ်လို့ပဲ ပြောချင်ပါတယ်၊ ကံမွဲလို့ ဒုက္ခရောက်၊ ဉာဏ်နည်းလို့ အမှန်ကို သေချာမသိသေး၊ ဝီရိယလွဲလို့ ကြိုးစားသမျှ အရာမထင်ခဲ့တာတွေ မရှိတော့ဘဲ ကံကောင်း၊ ဉာဏ်ကောင်း၊ ဝီရိယကောင်းသွားတာကိုပဲ နိဗ္ဗာန်လမ်းကောင်းသွားတယ် ခေါ်တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တရားနာပရိသတ်တွေလည်း နိဗ္ဗာန်ကို အမြန်ရောက်အောင် နိဗ္ဗာန်လမ်းကောင်း အောင် နိဗ္ဗာန်လမ်းလေး ရှင်းစေချင်ပါတယ်။

နိဗ္ဗာန်လမ်း ရှင်းသဖြင့် ဘေးရန်အန္တရာယ် တွေကင်း၊ ကောင်းကျိုးချမ်းသာတွေကို ခံစားစံစား ရပြီး နိဗ္ဗာန်ကို ရနိုင် ရောက်နိုင် မျက်မှောက်ပြု နိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန် သတည်း။

(ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏ အရှင်ဘုရား)။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

*သတိလည်းရှိ ဉာဏ်လည်းရှိ*
*အသိပြည့်စုံ ကြပါစေ။*

ဓမ္မဒူတ အရှင်ဆေကိန္ဒ

www.burmeseclassic.com